# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်

## ရေတာရှည်မြို့နယ် အစီရင်ခံစာ





ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၁၇ ခုနှစ်၊ မေလ

# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်

# ရေတာရှည်မြို့နယ် အစီရင်ခံစာ


ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)


နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၃၁၀၆၂

www.dop.gov.mm

၂၀၁၇ ခုနှစ်၊ မေလ

ပုံ (၁) - ပဲခူးတိုင်းဒေသကြီး၏ မြို့နယ်များပြ မြေပုံ



## ရေတာရှည်မြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များ [1]

| | | |
|---|---|---|
| လူဦးရေစုစုပေါင်း | ၂၁၃,၅၉၃ [2] | |
| ကျား ဦးရေ | ၁၀၃,၂၉၈ (၄၈.၄%) | |
| မ ဦးရေ | ၁၁၀,၂၉၅ (၅၁.၆%) | |
| မြို့ပြလူဦးရေရာခိုင်နှုန်း | ၁၁.၄% | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၂,၆၁၈.၇ [3] | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၈၁.၆ ဦး | |
| အသက်အလယ်ကိန်း | ၂၆.၄ နှစ် | |
| | | |
| ရပ်ကွက် စုစုပေါင်း | ၈ | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၅၁ | |
| အိမ်ထောင်စုအရေအတွက် | ၅၀,၅၂၇ | |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၂၃.၃% | |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၁ ဦး [4] | |
| | | |
| အသက်အပိုင်းအခြားအလိုက်လူဦးရေရာခိုင်နှုန်း | | |
| ကလေးဦးရေ (အသက် ၀ - ၁၄ နှစ်) | ၃၀.၄% | |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ - ၆၄ နှစ်) | ၆၄.၃% | |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၅.၃% | |
| | | |
| မှီခိုသူအချိုး | | |
| စုစုပေါင်းမှီခိုသူအချိုး | ၅၅.၅ | |
| ကလေးမှီခိုသူအချိုး | ၄၇.၃ | |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၈.၂ | |
| | | |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၁၇.၃ | |
| | | |
| ကျား/မ အချိုး | ၉၄ (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) | |
| | | |
| အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၃.၀% | |
| ကျား စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၆.၉% | |
| မ စာတတ်မြောက်မှုရာခိုင်နှုန်း | ၈၉.၇% | |
| | | |
| မသန်စွမ်းသူဦးရေ | အရေအတွက် | ရာခိုင်နှုန်း |
| မသန်စွမ်းသူ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | ၇,၈၆၄ | ၃.၇ |
| လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | ၃,၀၆၈ | ၁.၄ |
| အမြင် | ၃,၇၃၆ | ၁.၇ |
| အကြား | ၂,၃၄၀ | ၁.၁ |
| သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း | ၂,၆၁၃ | ၁.၂ |
| | | |

| ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား (အသက် ၁၀ နှစ်နှင့်အထက်) | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံသားစိစစ်ရေးကတ် | ၁၀၈,၇၅၈ | ၆၃.၈ |
| ဧည့်နိုင်ငံသားကတ် | ၉၆ | ၀.၁ |
| နိုင်ငံသားပြုခွင့်ရသူကတ် | ၄၂၇ | ၀.၃ |
| အမျိုးသားမှတ်ပုံတင်ကတ် | ၁,၇၅၈ | ၁.၀ |
| သာသနာ၀င်ကတ် | ၉၆၀ | ၀.၆ |
| ယာယီသက်သေခံကတ် | ၈၂၉ | ၀.၅ |
| နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် | * | <၀.၁ |
| နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် | ၇၃ | <၀.၁ |
| မည်သည့်ကတ်မှမကိုင်ဆောင်သူ | ၅၇,၆၄၂ | ၃၃.၈ |

| လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၅ - ၆၄ နှစ်) | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| လုပ်သားအင်အားပါ၀င်နှုန်း | ၆၅.၆% | ၈၆.၁% | ၄၆.၈% |
| အလုပ်လက်မဲ့ရာခိုင်နှုန်း | ၃.၂% | ၃.၀% | ၃.၇% |
| အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုး | ၆၃.၅% | ၈၃.၅% | ၄၅.၁% |

| အိမ်ပိုင်ဆိုင်မှု | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ပိုင်ရှင် | ၄၅,၂၂၄ | ၈၉.၅ |
| အိမ်ငှား | ၁,၁၁၈ | ၂.၂ |
| အခမဲ့ (မိဘ/ဆွေမျိုး/မိတ်ဆွေ) | ၁,၃၃၄ | ၂.၆ |
| အစိုးရ၀န်ထမ်းအိမ်ရာ | ၂,၄၃၈ | ၄.၈ |
| ပုဂ္ဂလိက၀န်ထမ်းအိမ်ရာ | ၂၃၅ | ၀.၅ |
| အခြား | ၁၇၈ | ၀.၄ |

| နေအိမ်အဆောက်အအုံအတွက် အဓိကအသုံးပြုသည့်ပစ္စည်းများ | အကာ | အခင်း | အမိုး |
|---|---|---|---|
| ဓနိ/သက်ကယ်/အင်ဖက် | ၀.၈% | | ၆၃.၁% |
| ၀ါး | ၇၁.၉% | ၂၅.၉% | ၀.၁% |
| မြေကြီး | ၀.၁% | ၁.၁% | |
| သစ်သား | ၁၇.၂% | ၆၃.၅% | ၀.၁% |
| သွပ် | ၀.၁% | | ၃၆.၀% |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၉.၆% | ၈.၈% | ၀.၅% |
| အခြား | ၀.၃% | ၀.၆% | ၀.၃% |

| အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၅,၃၂၇ | ၁၀.၅ |
| ဓာတ်ငွေ့ | * | <၀.၁ |
| ရေနံဆီမီး | ၈၃ | ၀.၂ |
| ဘိုင်အိုဂက်စ် | ၃၀ | ၀.၁ |
| သစ်သား/ထင်း | ၃၉,၉၇၉ | ၇၉.၁ |
| မီးသွေး/လောင်စာတောင့် | ၄,၆၅၅ | ၉.၂ |

| | | |
|---|---|---|
| ကျောက်မီးသွေး | ၈၃ | ၀.၂ |
| အခြား | ၃၅၅ | ၀.၇ |
| | | |
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့်မီးအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| လျှပ်စစ်မီး | ၁၅,၅၁၆ | ၃၀.၇ |
| ရေနံဆီမီး | ၄,၁၃၃ | ၈.၂ |
| ဖယောင်းတိုင်မီး | ၁၇,၅၅၂ | ၃၄.၇ |
| ဘက်ထရီမီး | ၄,၈၆၀ | ၉.၆ |
| မီးစက် (ပုဂ္ဂလိက) | ၃,၂၇၉ | ၆.၅ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | ၇၉ | ၀.၂ |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၄,၁၂၉ | ၈.၂ |
| အခြား | ၉၇၉ | ၁.၉ |
| | | |
| သောက်ရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၅၆၇ | ၁.၁ |
| အဝီစိတွင်း | ၂၂,၂၁၂ | ၄၄.၀ |
| ရေတွင်း (အုတ်စီ) | ၁၃,၄၃၅ | ၂၆.၆ |
| ရေသန့်စက်/ရေသန့်ဘူး | ၉၂၀ | ၁.၈ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှု* | *၃၇,၁၃၄* | *၇၃.၅* |
| ရေတွင်း (အကာရံမဲ့) | ၅,၉၂၂ | ၁၁.၇ |
| ရေကန် | ၂၀၀ | ၀.၄ |
| မြစ်/ချောင်း/တူးမြောင်း | ၄,၀၀၆ | ၇.၉ |
| တောင်ကျရေ/မိုးရေ | ၁၂၇ | ၀.၃ |
| အခြား | ၃,၁၃၈ | ၆.၂ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှု* | *၁၃,၃၉၃* | *၂၆.၅* |
| | | |
| သုံးရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၁,၀၈၉ | ၂.၂ |
| အဝီစိတွင်း | ၂၂,၃၃၅ | ၄၄.၂ |
| ရေတွင်း (အုတ်စီ) | ၁၃,၅၁၈ | ၂၆.၈ |
| ရေတွင်း (အကာရံမဲ့) | ၆,၀၃၃ | ၁၁.၉ |
| ရေကန် | ၁၉၇ | ၀.၄ |
| မြစ်/ချောင်း/တူးမြောင်း | ၄,၀၇၈ | ၈.၁ |
| တောင်ကျရေ/မိုးရေ | ၁၂၉ | ၀.၃ |
| ရေသန့်စက်/ရေသန့်ဘူး | * | <၀.၁ |
| အခြား | ၃,၁၃၃ | ၆.၂ |
| | | |

| အိမ်သာအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ရေဆွဲအိမ်သာ | ၆၂၉ | ၁.၂ |
| ရေလောင်း/ယင်လုံအိမ်သာ | ၃၂,၇၆၇ | ၆၄.၉ |
| *စုစုပေါင်းသန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၃၃,၃၉၆* | *၆၆.၁* |
| တွင်း/ဇလားအိမ်သာ | ၂,၅၀၉ | ၅.၀ |
| တွင်းမရှိအိမ်သာ | ၁,၇၃၁ | ၃.၄ |
| အခြား | ၉၀၇ | ၁.၈ |
| အိမ်သာမရှိ | ၁၁,၉၈၄ | ၂၃.၇ |
| | | |
| **ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ** | **အရေအတွက်** | **ရာခိုင်နှုန်း** |
| ရေဒီယို | ၁၆,၃၅၀ | ၃၂.၄ |
| ရုပ်မြင်သံကြား | ၂၃,၆၇၀ | ၄၆.၈ |
| ကြိုးဖုန်း | ၁,၄၀၀ | ၂.၈ |
| လက်ကိုင်ဖုန်း | ၁၄,၆၆၅ | ၂၉.၀ |
| ကွန်ပျူတာ | ၅၅၆ | ၁.၁ |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း | ၂,၂၉၈ | ၄.၅ |
| မည်သည့်ပစ္စည်းမျှမရှိသည့် အိမ်ထောင်စု | ၁၆,၂၅၂ | ၃၂.၂ |
| ပစ္စည်းအားလုံးရှိသည့် အိမ်ထောင်စု | ၆၄ | ၀.၁ |
| | | |
| **သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှု အခြေအနေ** | **အရေအတွက်** | **ရာခိုင်နှုန်း** |
| ကား/ထရပ်ကား/ဗင်န် | ၆၉၀ | ၁.၄ |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၁၇,၆၂၉ | ၃၄.၉ |
| စက်ဘီး | ၁၅,၉၅၇ | ၃၁.၆ |
| (၄) ဘီးပါ ထော်လာဂျီ | ၄၆၅ | ၀.၉ |
| ကနူးလှေ၊ သမ္ဗာန် | ၃၂၀ | ၀.၆ |
| စက်လှေ၊ မော်တော်ဘုတ် | ၁၀၀ | ၀.၂ |
| လှည်း (ကျွဲ၊ နွား၊ မြင်း...... စသဖြင့်) | ၁၃,၄၂၀ | ၂၆.၆ |

မှတ်ချက်။ [၁] ရေတာရှည်မြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။

[၂] အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

[၃] ကျေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

[၄] အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

* အရေအတွက် (၂၀) ထက်နည်းပါသည်။

# မာတိကာ


နိဒါန်း ........................................................................................................ ၂

ရေတာရှည်မြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ ........................................ ၄

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ........................................................ ၅

(ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ ............................................ ၁၁

(ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ ........................................................ ၁၂

(ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ ........................................................ ၁၆

(င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ .................................................. ၂၂

(စ) မသန်စွမ်းမှုအကြောင်းအရာ ...................................................................... ၂၃

(ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ .................................. ၂၆

နေအိမ်အမျိုးအစားများ ............................................................................ ၂၆

အိမ်သာအမျိုးအစားများ ............................................................................ ၂၇

သောက်ရေအမျိုးအစားများ ........................................................................ ၂၉

အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု ..................................................... ၃၁

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု ................................ ၃၃

ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအသုံးပြုမှု .................................. ၃၅

ပို့ဆောင်ရေးယာဉ် အမျိုးအစားများ ............................................................ ၃၇

(ဇ) မွေးဖွားခြင်းနှင့်သေဆုံးခြင်းအကြောင်းအရာ ................................................ ၃၈

မွေးဖွားခြင်းအကြောင်းအရာ ...................................................................... ၃၈

ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ ............ ၄၀

သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ ................................ ၄၂

ရေတာရှည်မြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း ................................................ ၄၈

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ်ပေါင်း (၃၀) ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်ကောက်ယူခဲ့ပါသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသောရင်းမြစ်တစ်ခုဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသော အရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ကောက်ယူရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားပေါ် အခြေခံသောဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ငန်းများစသည်တို့အတွက် အသုံးဝင်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများကို ၂၀၁၅ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပင်မအစီရင်ခံစာများတွင် ပြည်ထောင်စုအဆင့် အစီရင်ခံစာ၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၏ သန်းခေါင်စာရင်း အစီရင်ခံစာများ ပါဝင်ပါသည်။ အလုပ်အကိုင်နှင့်လုပ်ငန်း အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အစီရင်ခံစာများကို http://www.dop.gov.mm/ နှင့် http://myanmar.unfpa.org/node/15104 တို့တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာများသည် မြို့နယ်/မြို့နယ်ခွဲများ၏ သန်းခေါင်စာရင်း အစီရင်ခံစာများ ဖြစ်ပါသည်။ အစီရင်ခံစာများကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် လူဦးရေဆိုင်ရာအချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ပါဝင်ပါသည်။ အစီရင်ခံစာပါ

အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ည သန်းခေါင်ယံအချိန် (သန်းခေါင်စာရင်းည) တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။ မြို့နယ်အဆင့်အချက်အလက်များသည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် မြို့နယ်အဆင့် ခန့်မှန်းတွက်ချက်မှုများ၏ တိကျမှန်ကန်မှုသည် ပြည်ထောင်စုအဆင့်နှင့် တူညီနိုင်မည်မဟုတ်ပေ။ လူဦးရေနည်းပါးသည့် မြို့နယ်များ၏ အချက်အလက်များကို လေ့လာဆန်းစစ်ရာတွင် သတိပြု၍လေ့လာသုံးသပ်ရမည် ဖြစ်ပါသည်။ တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းကဲ့သို့သော ညွှန်ကိန်းများကို အခြားသောဆက်နွယ်မှုရှိသည့် အကြောင်းအရာ အချက်အလက်များ ထည့်သွင်းစဉ်းစား၍ လေ့လာဆန်းစစ်သုံးသပ်ရပါမည်။ သို့ဖြစ်၍ လူဦးရေနည်းပါးသည့် မြို့နယ်များအတွက် သေဆုံးခြင်းဆိုင်ရာခန့်မှန်းတွက်ချက်မှုများကို အတိအကျမယူဆသင့်ဘဲ ထိုမြို့နယ်များ၏သေဆုံးခြင်းဆိုင်ရာ အခြေအနေများအတွက် အထိုက်အလျောက်ပြဆိုသော ညွှန်ကိန်းများအဖြစ် ယူဆရပါမည်။ ထို့ပြင် မြို့နယ်အချင်းချင်း နှိုင်းယှဉ်ရာတွင်လည်း မည်သည့်မြို့နယ်သည် အခြေအနေပိုမိုကောင်းမွန်သည်၊ မည်သည့်မြို့နယ်သည် အားနည်းသည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

# ရေတာရှည်မြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၂၁၃,၅၉၃ * | | |
| ကျား ဦးရေ | ၁၀၃,၂၉၈ | | |
| မ ဦးရေ | ၁၁၀,၂၉၅ | | |
| ကျား/မ အချိုး | ၉၄ (မ ၁၀၀ ရှိ ကျား ဦးရေ) | | |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၁၁.၄% | | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၂,၆၁၈.၇ ** | | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၈၁.၆ ဦး | | |
| ရပ်ကွက် စုစုပေါင်း | ၈ | | |
| ကျေးရွာအုပ်စု စုစုပေါင်း | ၅၁ | | |
| | စုစုပေါင်း | မြို့ပြ | ကျေးလက် |
| အိမ်ထောင်စုလူဦးရေ | ၂၀၇,၂၉၁ | ၂၃,၆၉၂ | ၁၈၃,၅၉၉ |
| အိမ်ထောင်စုအရေအတွက် | ၅၀,၅၂၇ | ၅,၉၅၅ | ၄၄,၅၇၂ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၁ ဦး *** | | |

- ရေတာရှည်မြို့နယ်တွင် မ ဦးရေသည် ကျား ဦးရေထက် အနည်းငယ်ပိုများပြီး မ (၁၀၀) ဦးတွင် ကျား (၉၄) ဦး ရှိပါသည်။
- ရေတာရှည်မြို့နယ်တွင် လူအများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး (၁၁.၄) ရာခိုင်နှုန်းသာလျှင် မြို့ပြဒေသတွင် နေထိုင်ကြပါသည်။
- ရေတာရှည်မြို့နယ်၌ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၈၂) ဦး နေထိုင်ပါသည်။
- ရေတာရှည်မြို့နယ်တွင် အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလူဦးရေ (၄.၁) ဦး နေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေထက် အနည်းငယ်လျော့နည်းပါသည်။

မှတ်ချက်။ * အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

** ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

*** အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

**ဇယား (၁) - ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း**

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| | **စုစုပေါင်း** | **၅၀,၅၂၇** | **၂၁၃,၅၉၃** | **၁၀၃,၂၉၈** | **၁၁၀,၂၉၅** |
| | **မြို့ရပ်ကွက်များ** | **၅,၉၅၅** | **၂၄,၄၂၀** | **၁၁,၃၆၄** | **၁၃,၀၅၆** |
| ၁ | ရွာမ | ၆၁၀ | ၂,၄၉၂ | ၁,၁၄၃ | ၁,၃၄၉ |
| ၂ | ဈေး | ၂၆၆ | ၁,၁၈၉ | ၅၅၀ | ၆၃၉ |
| ၃ | ဗိုလ်တဲ | ၄၇၇ | ၁,၉၄၁ | ၉၀၀ | ၁,၀၄၁ |
| ၄ | ပေကုန်း | ၆၉၅ | ၂,၇၅၀ | ၁,၂၃၉ | ၁,၅၁၁ |
| ၅ | ရွှေကြက်ယက် (တောင်) | ၅၅၈ | ၂,၃၇၁ | ၁,၁၁၉ | ၁,၂၅၂ |
| ၆ | ရွှေကြက်ယက် (မြောက်) | ၄၈၅ | ၁,၉၁၄ | ၈၆၃ | ၁,၀၅၁ |
| ၇ | မြောက်ပိုင်းရပ်ကွက် | ၁,၇၄၅ | ၇,၂၈၆ | ၃,၄၈၃ | ၃,၈၀၃ |
| ၈ | တောင်ပိုင်းရပ်ကွက် | ၁,၁၁၉ | ၄,၄၇၇ | ၂,၀၆၇ | ၂,၄၁၀ |
| | **ကျေးရွာအုပ်စု** | **၄၄,၅၇၂** | **၁၈၉,၁၇၃** | **၉၁,၉၃၄** | **၉၇,၂၃၉** |
| ၁ | ခင်တန်းကြီး | ၆၂၇ | ၂,၄၂၈ | ၁,၁၅၆ | ၁,၂၇၂ |
| ၂ | ဘိုးတော်ကုန်း | ၈၉၈ | ၃,၇၄၂ | ၁,၇၇၈ | ၁,၉၆၄ |
| ၃ | ကျန်သနွယ် | ၁,၄၁၀ | ၅,၉၄၅ | ၂,၉၇၈ | ၂,၉၆၇ |
| ၄ | ပေါက်ချောင်း | ၅၁၆ | ၂,၁၆၀ | ၁,၀၃၅ | ၁,၁၂၅ |
| ၅ | ပိတောက်ခင် | ၆၆၅ | ၂,၄၅၆ | ၁,၁၇၄ | ၁,၂၈၂ |
| ၆ | ပီတူး | ၄၀၂ | ၁,၆၉၈ | ၈၁၂ | ၈၈၆ |
| ၇ | ဝါးရုံတော | ၄၈၃ | ၂,၀၄၃ | ၉၉၅ | ၁,၀၄၈ |
| ၈ | သပြေတန်း | ၅၀၁ | ၁,၇၈၀ | ၈၄၀ | ၉၄၀ |
| ၉ | ကဲလင်းဆိပ် | ၄၆၅ | ၂,၀၄၇ | ၉၉၉ | ၁,၀၄၈ |
| ၁၀ | ကွဲ့ရိုင်းပြင် | ၈၄၆ | ၃,၅၇၈ | ၁,၇၇၁ | ၁,၈၀၇ |
| ၁၁ | ဆင်ဝွေ | ၆၃၂ | ၂,၇၆၇ | ၁,၃၂၇ | ၁,၄၄၀ |
| ၁၂ | ဇလုပ်ကြီး | ၄၀၂ | ၁,၅၇၄ | ၇၂၃ | ၈၅၁ |
| ၁၃ | ညောင်ပင်သာ | ၆၉၆ | ၂,၆၈၅ | ၁,၂၇၄ | ၁,၄၁၁ |
| ၁၄ | အင်ဒိုင်း | ၉၈၈ | ၃,၈၁၅ | ၁,၇၈၅ | ၂,၀၃၀ |
| ၁၅ | ဒိုးတန်း | ၁,၀၆၂ | ၄,၂၆၁ | ၂,၀၁၉ | ၂,၂၄၂ |
| ၁၆ | မိချောင်းအိုင် | ၇၉၈ | ၃,၁၄၈ | ၁,၅၀၄ | ၁,၆၄၄ |
| ၁၇ | ကွင်းကြီး | ၅၅၆ | ၂,၂၁၈ | ၁,၀၆၄ | ၁,၁၅၄ |
| ၁၈ | ကုန်းကြီး | ၇၄၇ | ၂,၉၂၉ | ၁,၃၆၃ | ၁,၅၆၆ |


ဇယား (၁) - ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း (အဆက်)

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| ၁၉ | သိုင်း၀ | ၁,၃၆၅ | ၅,၄၄၃ | ၂,၇၃၃ | ၂,၇၁၀ |
| ၂၀ | ဂုံမင်းကွင်း | ၉၈၉ | ၄,၃၂၉ | ၂,၂၁၉ | ၂,၁၁၀ |
| ၂၁ | ဆွာမင်းလမ်း | ၁,၃၄၈ | ၅,၃၄၄ | ၂,၆၃၇ | ၂,၇၀၇ |
| ၂၂ | ငါးကြီးကွေ့ | ၉၆၃ | ၄,၁၁၇ | ၁,၉၁၅ | ၂,၂၀၂ |
| ၂၃ | ရွှေကဖောင်း | ၉၉၀ | ၃,၇၁၅ | ၁,၇၅၄ | ၁,၉၆၁ |
| ၂၄ | ကွမ်းအုံ | ၃၈၂ | ၁,၄၈၉ | ၇၀၄ | ၇၈၅ |
| ၂၅ | စီပိုင်း | ၇၃၃ | ၂,၉၁၁ | ၁,၃၉၄ | ၁,၅၁၇ |
| ၂၆ | ကျိုပ်ပတီး | ၃၀၂ | ၁,၁၉၉ | ၅၆၈ | ၆၃၁ |
| ၂၇ | ဆွာရွာမ | ၅၈၇ | ၂,၂၇၆ | ၁,၁၀၇ | ၁,၁၆၉ |
| ၂၈ | ပိတောက်ကုန်း | ၈၈၂ | ၃,၃၅၉ | ၁,၆၃၄ | ၁,၇၂၅ |
| ၂၉ | နကျုပ် | ၃၇၉ | ၁,၅၆၆ | ၇၉၇ | ၇၆၉ |
| ၃၀ | စကွေး (မရိုးခုန်) | ၁,၂၇၁ | ၅,၇၁၄ | ၂,၈၇၈ | ၂,၈၃၆ |
| ၃၁ | ရင်ငန်း | ၆၁၈ | ၂,၅၅၄ | ၁,၂၈၈ | ၁,၂၆၆ |
| ၃၂ | (စိုင်း) ဘုရားကုန်း | ၁၈၀ | ၈၆၀ | ၄၃၈ | ၄၂၂ |
| ၃၃ | သစ်ပုတ်ပင် | ၇၈၇ | ၃,၈၃၉ | ၁,၉၃၉ | ၁,၉၀၀ |
| ၃၄ | ဆံတော်ပို့ | ၆၄၃ | ၃,၀၆၈ | ၁,၅၆၈ | ၁,၅၀၀ |
| ၃၅ | လုံးရမ်း | ၅၃၈ | ၂,၅၀၂ | ၁,၂၆၈ | ၁,၂၃၄ |
| ၃၆ | အုတ်ဖို | ၇၄၉ | ၃,၅၂၉ | ၁,၇၆၇ | ၁,၇၆၂ |
| ၃၇ | ချောင်းမကြီး | ၂၇၅ | ၁,၃၀၄ | ၆၆၈ | ၆၃၆ |
| ၃၈ | မြို့လှ | ၂,၁၆၀ | ၉,၃၈၀ | ၄,၄၁၇ | ၄,၉၆၃ |
| ၃၉ | ငွေတောင် | ၁,၃၃၅ | ၅,၆၀၄ | ၂,၇၀၆ | ၂,၈၉၈ |
| ၄၀ | နတ်တောင် | ၇၃၂ | ၃,၅၆၉ | ၁,၇၇၈ | ၁,၇၉၁ |
| ၄၁ | ကြာအင်းကုန်း | ၁,၀၄၃ | ၄,၄၅၆ | ၂,၁၄၉ | ၂,၃၀၇ |
| ၄၂ | ကတ္တူ | ၈၂၀ | ၃,၆၅၁ | ၁,၇၂၇ | ၁,၉၂၄ |
| ၄၃ | သာဂရ | ၃,၁၂၀ | ၁၃,၄၁၇ | ၆,၄၅၀ | ၆,၉၆၇ |
| ၄၄ | ၀ဲဒေါင့် | ၅၀၃ | ၂,၀၈၄ | ၁,၀၀၇ | ၁,၀၇၇ |
| ၄၅ | ဒေါင့်အင်းကုန်း | ၆၆၉ | ၂,၇၈၄ | ၁,၃၉၂ | ၁,၃၉၂ |
| ၄၆ | ဆပ်သေ | ၅၈၉ | ၂,၄၂၄ | ၁,၂၂၅ | ၁,၁၉၉ |
| ၄၇ | ဒေါင်းနန်းကျ | ၃၉၇ | ၁,၈၀၁ | ၉၀၀ | ၉၀၁ |

ဇယား (၁) - ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၏ မြို့ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း (အဆက်)

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| ၄၈ | ရေနီ | ၂,၇၄၇ | ၁၂,၈၈၂ | ၆,၂၇၈ | ၆,၆၀၄ |
| ၄၉ | ဇေယျာသိမ် | ၁,၀၁၅ | ၄,၃၄၃ | ၂,၀၇၂ | ၂,၂၇၁ |
| ၅၀ | ရဲကုန်း | ၁,၇၃၈ | ၇,၆၈၈ | ၃,၇၃၀ | ၃,၉၅၈ |
| ၅၁ | ဘုရားကုန်း(မြို့လှ) | ၁,၀၁၉ | ၄,၆၉၈ | ၂,၂၃၀ | ၂,၄၆၈ |

**ပုံ (၂) - အသက်အုပ်စုကြီးများအလိုက်လူဦးရေ**





**ဇယား (၂) - ရေတာရှည်မြို့နယ်၏ အသက်အုပ်စုအလိုက်လူဦးရေ**

| အသက်အုပ်စု | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| **စုစုပေါင်း** | **၂၁၃,၅၉၃** | **၁၀၃,၂၉၈** | **၁၁၀,၂၉၅** |
| ၀ - ၄ | ၂၀,၈၂၃ | ၁၀,၆၂၂ | ၁၀,၂၀၁ |
| ၅ - ၉ | ၂၂,၂၁၂ | ၁၁,၃၃၅ | ၁၀,၈၇၇ |
| ၁၀ - ၁၄ | ၂၁,၉၇၈ | ၁၁,၁၁၉ | ၁၀,၈၅၉ |
| ၁၅ - ၁၉ | ၁၈,၆၇၀ | ၉,၂၆၆ | ၉,၄၀၄ |
| ၂၀ - ၂၄ | ၁၇,၉၈၂ | ၈,၇၄၇ | ၉,၂၃၅ |
| ၂၅ - ၂၉ | ၁၇,၆၁၈ | ၈,၄၄၅ | ၉,၁၇၃ |
| ၃၀ - ၃၄ | ၁၆,၇၆၆ | ၈,၀၈၄ | ၈,၆၈၂ |
| ၃၅ - ၃၉ | ၁၅,၂၂၄ | ၇,၂၃၉ | ၇,၉၈၅ |
| ၄၀ - ၄၄ | ၁၃,၅၇၃ | ၆,၄၄၈ | ၇,၁၂၅ |
| ၄၅ - ၄၉ | ၁၂,၄၇၆ | ၅,၈၇၅ | ၆,၆၀၁ |
| ၅၀ - ၅၄ | ၁၀,၁၇၉ | ၄,၇၆၈ | ၅,၄၁၁ |
| ၅၅ - ၅၉ | ၈,၇၆၈ | ၄,၀၈၅ | ၄,၆၈၃ |
| ၆၀ - ၆၄ | ၆,၀၈၁ | ၂,၇၀၉ | ၃,၃၇၂ |
| ၆၅ - ၆၉ | ၄,၃၄၄ | ၁,၈၇၇ | ၂,၄၆၇ |
| ၇၀ - ၇၄ | ၂,၆၆၀ | ၁,၁၂၁ | ၁,၅၃၉ |
| ၇၅ - ၇၉ | ၂,၁၆၄ | ၈၇၃ | ၁,၂၉၁ |
| ၈၀ - ၈၄ | ၁,၂၃၉ | ၄၁၈ | ၈၂၁ |
| ၈၅ - ၈၉ | ၅၉၂ | ၂၀၃ | ၃၈၉ |
| ၉၀ + | ၂၄၄ | ၆၄ | ၁၈၀ |

- ရေတာရှည်မြို့နယ်တွင် အသက် (၁၅) နှစ်မှ (၆၄) နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ (၆၄.၃) ရာခိုင်နှုန်းရှိပါသည်။
- အသက် (၁၄) နှစ်နှင့်အောက် ကလေးအချိုးနှင့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို အချိုးစုစုပေါင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးထက် နည်းပါသည်။
- ကလေးအချိုးနှင့် သက်ကြီးရွယ်အိုအချိုးနည်းခြင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအပေါ် မှီခိုမှုကို လျော့နည်းစေပါသည်။

ပုံ (၃) - လူဦးရေပိရမစ် (ပြည်ထောင်စု၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်)





- ရေတာရှည်မြို့နယ်တွင် လွန်ခဲ့သော ၅ နှစ်ကျော်ခန့်က စတင်ပြီး ကလေးမွေးဖွားနှုန်း ကျဆင်းခဲ့ပါသည်။
- အသက် (၁၅-၁၉) အုပ်စုမှစတင်၍ လူဦးရေသိသာစွာ လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ အသက် (၂၀-၂၄) အုပ်စုသည် ဆက်လက်လျော့နည်းသည်ကို တွေ့ရှိပါသည်။

- ပြည်ထောင်စုနှင့်နှိုင်းယှဉ်လျှင် ရေတာရှည်မြို့နယ်တွင် အလုပ်လုပ်နိုင်သည့် အသက် (၁၅-၆၄) အုပ်စု၏ ရာခိုင်နှုန်းအနည်းငယ်လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။
- အသက်အုပ်စု (၁၅-၁၉) မှစ၍ အသက်အုပ်စုတိုင်းတွင် ကျား ဦးရေသည် မ ဦးရေထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

## (ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ

ပုံ (၄) - ပြည်ထောင်စုနှင့် ပဲခူးတိုင်းဒေသကြီး၏ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေ ရာခိုင်နှုန်း





- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူ (၈၇.၉) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ (၆.၂) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ (၄.၃) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ (၀.၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၀.၈) ရာခိုင်နှုန်း၊ အခြားဘာသာ ကိုးကွယ်သူ (၀.၂) ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှ မကိုးကွယ်သူ (၀.၁) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် ဗုဒ္ဓဘာသာ (၉၃.၅) ရာခိုင်နှုန်း၊ ခရစ်ယာန် (၂.၉) ရာခိုင်နှုန်း၊ အစ္စလာမ် (၁.၂) ရာခိုင်နှုန်း၊ ဟိန္ဒူ (၂.၁) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်မှု (၀.၁) ရာခိုင်နှုန်းနှင့် အခြားဘာသာ (၀.၃) ရာခိုင်နှုန်းရှိပြီး ဘာသာမရှိသူများသည် (၀.၁) ရာခိုင်နှုန်းထက် လျော့နည်းပါသည်။


မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ

**ဇယား (၃) - အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း လူဦးရေနှင့် ကျောင်းတက်နေသူအရေအတွက်ကို ကျား/မ ခွဲခြားဖော်ပြသောဇယား**


| အသက် | လူဦးရေ | | | ကျောင်းတက်နေသူ | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၅ | ၄,၆၄၉ | ၂,၄၁၆ | ၂,၂၃၃ | ၁,၅၈၂ | ၇၈၇ | ၇၉၅ |
| ၆ | ၄,၅၄၆ | ၂,၃၃၆ | ၂,၂၁၀ | ၃,၆၂၅ | ၁,၈၄၇ | ၁,၇၇၈ |
| ၇ | ၄,၃၉၄ | ၂,၂၄၉ | ၂,၁၄၅ | ၃,၈၂၀ | ၁,၉၄၇ | ၁,၈၇၃ |
| ၈ | ၄,၁၅၅ | ၂,၀၃၅ | ၂,၁၂၀ | ၃,၆၉၇ | ၁,၈၂၁ | ၁,၈၇၆ |
| ၉ | ၄,၂၅၆ | ၂,၁၂၂ | ၂,၁၃၄ | ၃,၇၆၂ | ၁,၈၇၆ | ၁,၈၈၆ |
| ၁၀ | ၄,၃၅၄ | ၂,၁၄၂ | ၂,၂၁၂ | ၃,၇၂၉ | ၁,၈၀၅ | ၁,၉၂၄ |
| ၁၁ | ၄,၀၄၇ | ၂,၀၀၂ | ၂,၀၄၅ | ၃,၄၀၃ | ၁,၆၆၉ | ၁,၇၃၄ |
| ၁၂ | ၄,၄၅၁ | ၂,၂၀၄ | ၂,၂၄၇ | ၃,၄၀၂ | ၁,၆၉၃ | ၁,၇၀၉ |
| ၁၃ | ၄,၃၆၇ | ၂,၁၈၁ | ၂,၁၈၆ | ၂,၉၀၅ | ၁,၄၉၈ | ၁,၄၀၇ |
| ၁၄ | ၄,၁၀၉ | ၂,၀၁၁ | ၂,၀၉၈ | ၂,၁၁၈ | ၁,၀၁၉ | ၁,၀၉၉ |
| ၁၅ | ၃,၉၇၄ | ၁,၉၃၇ | ၂,၀၃၇ | ၁,၅၀၇ | ၇၀၅ | ၈၀၂ |
| ၁၆ | ၃,၄၇၄ | ၁,၆၉၈ | ၁,၇၇၆ | ၉၈၉ | ၄၆၃ | ၅၂၆ |
| ၁၇ | ၃,၅၈၉ | ၁,၇၅၁ | ၁,၈၃၈ | ၇၁၅ | ၃၁၅ | ၄၀၀ |
| ၁၈ | ၃,၇၀၄ | ၁,၇၅၂ | ၁,၉၅၂ | ၅၁၆ | ၂၂၆ | ၂၉၀ |
| ၁၉ | ၃,၁၉၅ | ၁,၅၆၆ | ၁,၆၂၉ | ၃၃၅ | ၁၃၉ | ၁၉၆ |
| ၂၀ | ၃,၇၈၁ | ၁,၇၉၃ | ၁,၉၈၈ | ၂၂၂ | ၁၀၇ | ၁၁၅ |
| ၂၁ | ၃,၀၃၈ | ၁,၃၉၉ | ၁,၆၃၉ | ၁၅၃ | ၆၇ | ၈၆ |
| ၂၂ | ၃,၃၅၆ | ၁,၅၃၀ | ၁,၈၂၆ | ၉၆ | ၃၈ | ၅၈ |
| ၂၃ | ၃,၃၂၈ | ၁,၅၆၁ | ၁,၇၆၇ | ၅၉ | ၃၂ | ၂၇ |
| ၂၄ | ၃,၁၂၄ | ၁,၄၈၇ | ၁,၆၃၇ | ၃၅ | ၂၂ | ၁၃ |
| ၂၅ | ၃,၇၈၇ | ၁,၇၇၇ | ၂,၀၁၀ | ၃၂ | ၁၅ | ၁၇ |
| ၂၆ | ၃,၀၆၃ | ၁,၃၉၀ | ၁,၆၇၃ | ၃၃ | ၁၈ | ၁၅ |
| ၂၇ | ၃,၂၀၄ | ၁,၅၂၃ | ၁,၆၈၁ | ၂၉ | ၁၃ | ၁၆ |
| ၂၈ | ၃,၆၃၇ | ၁,၆၉၄ | ၁,၉၄၃ | ၂၃ | ၉ | ၁၄ |
| ၂၉ | ၃,၁၅၃ | ၁,၄၈၈ | ၁,၆၆၅ | ၂၀ | ၁၀ | ၁၀ |





- ရေတာရှည်မြို့နယ်၌ ယောကျ်ားလေးများနှင့် မိန်းကလေးများသည် အသက် (၁၁) နှစ်အရွယ်မှ စတင်၍ ကျောင်းတက်ရောက်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိရပါသည်။
- ပြည်ထောင်စုနှင့်နှိုင်းယှဉ်ရာတွင် ရေတာရှည်မြို့နယ်မှ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုနှုန်းသည် အသက် (၁၄) နှစ်မှစ၍ ကျဆင်းနေကြောင်း တွေ့ရှိရပါသည်။

## ပုံ (၇) - ပဲခူးတိုင်းဒေသကြီး၏ စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်)




| | |
|---|---|
| ပြည်ထောင်စု | - ၈၉.၅% |
| ပဲခူးတိုင်းဒေသကြီး | - ၉၄.၂% |
| တောင်ငူခရိုင် | - ၉၂.၀% |
| ရေတာရှည်မြို့နယ် | - ၉၃.၀% |

## ဇယား (၄) - ရေတာရှည်မြို့နယ်၏ လူငယ်လူရွယ် (၁၅ - ၂၄) စာတတ်မြောက်မှုရာခိုင်နှုန်း

| ကျား/မ | စုစုပေါင်း လူဦးရေ (၁၅ - ၂၄) | စာတတ်မြောက်မှု ရာခိုင်နှုန်း (၁၅ - ၂၄) |
|---|---|---|
| စုစုပေါင်း | ၃၄,၅၆၃ | ၉၆.၅ |
| ကျား | ၁၆,၄၇၄ | ၉၇.၅ |
| မ | ၁၈,၀၈၉ | ၉၅.၇ |

- ရေတာရှည်မြို့နယ်၏ အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၉၃.၀) ရာခိုင်နှုန်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၉၄.၂) ထက်နိမ့်သော်လည်း မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၈၉.၅) ထက်မြင့်ပါသည်။ မ စာတတ်မြောက်မှု ရာခိုင်နှုန်းသည် (၈၉.၇) ဖြစ်ပြီး ကျား စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၆.၉) ဖြစ်ပါသည်။
- ရေတာရှည်မြို့နယ်၏ အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း လူငယ်လူရွယ် စာတတ်မြောက်မှု ရာခိုင်နှုန်းသည် (၉၆.၅) ဖြစ်ပါသည်။ မ လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၅.၇) ဖြစ်ပြီး ကျား လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၇.၅) ဖြစ်ပါသည်။

## ဇယား (၅) - အသက် (၂၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းအလိုက် မြို့ပြ/ ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား


| | စုစုပေါင်း | အတန်းမရှိ | လုံးဝ ကျောင်းမနေဘူးသူ ရာခိုင်နှုန်း | မူလတန်း | | အလယ်တန်း (၅ တန်းမှ ၈ တန်းထိ) | အထက်တန်း (၉ တန်းမှ ၁၀ တန်းထိ) | ဒီပလိုမာ | တက္ကသိုလ်/ ကောလိပ် | ဘွဲ့လွန်နှင့် အထက် | အသက်မွေးဝမ်းကျောင်း သင်တန်း | အခြား |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သူငယ်တန်းမှ ၃ တန်းထိ | ၄ တန်း | | | | | | | |
| စုစုပေါင်း | ၁၁၁,၉၂၈ | ၁၇,၇၉၄ | ၁၅.၉ | ၂၉,၁၁၉ | ၂၄,၂၈၉ | ၂၀,၂၃၅ | ၁၀,၅၄၁ | ၃၅၃ | ၇,၄၃၅ | ၂၀၁ | ၂၀၄ | ၅၅၇ |
| မြို့ပြ | ၁၄,၄၇၈ | ၁,၀၄၂ | ၇.၂ | ၂,၃၆၈ | ၂,၀၃၈ | ၃,၆၇၈ | ၂,၇၇၃ | ၆၀ | ၂,၃၀၂ | ၇၂ | ၃၄ | ၁၀၁ |
| ကျေးလက် | ၉၇,၄၅၀ | ၁၆,၇၅၂ | ၁၇.၂ | ၂၆,၉၅၁ | ၂၂,၂၅၁ | ၁၇,၅၅၇ | ၇,၇၆၈ | ၂၉၃ | ၅,၁၂၃ | ၁၂၉ | ၁၇၀ | ၄၅၆ |
| ကျား | ၅၂,၂၀၉ | ၆,၅၉၁ | ၁၂.၆ | ၁၁,၄၀၈ | ၁၁,၇၂၅ | ၁၂,၇၇၈ | ၅,၈၄၈ | ၂၄၆ | ၃,၁၅၂ | ၈၈ | ၁၄၂ | ၂၇၁ |
| မ | ၅၉,၇၁၉ | ၁၁,၂၀၃ | ၁၈.၈ | ၁၇,၉၁၁ | ၁၂,၅၆၄ | ၈,၄၉၇ | ၄,၆၉၃ | ၁၀၇ | ၄,၂၈၃ | ၁၁၃ | ၆၂ | ၂၈၆ |


- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၁၅.၉) ရာခိုင်နှုန်းသည် လုံးဝ ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် ကျေးလက်လူဦးရေ၏ (၁၇.၂) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူး သူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် အမျိုးသားများ၏ (၁၂.၆) ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ (၁၈.၈) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူးသူများဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၂၁.၇) ရာခိုင်နှုန်းသည် မူလတန်းအဆင့် (၄ တန်း) ပြီးစီး အောင်မြင်သူများဖြစ်ပြီး တက္ကသိုလ်/ကောလိပ်အဆင့်ပြီးစီးသူမှာ (၆.၆) ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ

**ဇယား (၆) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းနှင့် အလုပ်လက်မဲ့ ရာခိုင်နှုန်း တို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| အသက်အုပ်စု | လုပ်သားအင်အားပါဝင်နှုန်း | | | အလုပ်လက်မဲ့ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁၀ - ၁၄ | ၁၁.၁ | ၁၂.၆ | ၉.၆ | ၁၀.၁ | ၁၁.၈ | ၇.၉ |
| ၁၅ - ၁၉ | ၅၆.၁ | ၆၅.၄ | ၄၇.၀ | ၈.၇ | ၉.၁ | ၈.၀ |
| ၂၀ - ၂၄ | ၇၁.၇ | ၈၈.၈ | ၅၅.၄ | ၇.၂ | ၅.၈ | ၉.၃ |
| ၂၅ - ၂၉ | ၇၀.၈ | ၉၂.၃ | ၅၁.၁ | ၃.၅ | ၃.၂ | ၄.၀ |
| ၃၀ - ၃၄ | ၇၀.၄ | ၉၂.၄ | ၅၀.၀ | ၂.၂ | ၂.၁ | ၂.၄ |
| ၃၅ - ၃၉ | ၆၉.၉ | ၉၂.၃ | ၄၉.၆ | ၁.၄ | ၁.၅ | ၁.၃ |
| ၄၀ - ၄၄ | ၆၉.၀ | ၉၂.၃ | ၄၈.၀ | ၁.၁ | ၁.၄ | ၀.၆ |
| ၄၅ - ၄၉ | ၆၆.၆ | ၉၀.၆ | ၄၅.၂ | ၀.၆ | ၀.၉ | ၀.၂ |
| ၅၀ - ၅၄ | ၆၃.၁ | ၈၉.၂ | ၄၀.၁ | ၀.၇ | ၀.၇ | ၀.၆ |
| ၅၅ - ၅၉ | ၅၇.၇ | ၈၄.၁ | ၃၄.၇ | ၀.၄ | ၀.၅ | ၀.၄ |
| ၆၀ - ၆၄ | ၄၂.၉ | ၆၅.၆ | ၂၄.၆ | ၀.၂ | ၀.၂ | ၀.၁ |
| ၆၅ - ၆၉ | ၃၃.၀ | ၅၁.၅ | ၁၉.၀ | ၀.၁ | ၀.၂ | - |
| ၇၀ - ၇၄ | ၂၀.၂ | ၃၃.၇ | ၁၀.၃ | ၀.၂ | ၀.၃ | - |
| ၇၅ + | ၁၁.၀ | ၂၀.၂ | ၅.၇ | ၁.၁ | ၀.၃ | ၂.၆ |
| ၁၅ နှစ်မှ ၂၄ နှစ် | ၆၃.၈ | ၇၆.၈ | ၅၁.၂ | ၇.၉ | ၇.၂ | ၈.၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | ၆၅.၆ | ၈၆.၁ | ၄၆.၈ | ၃.၂ | ၃.၀ | ၃.၇ |




- ရေတာရှည်မြို့နယ်၏ အသက် (၁၅-၆၄) နှစ်အုပ်စုတွင် လုပ်သားအင်အားပါဝင်နှုန်းမှာ (၆၅.၆) ရာခိုင်နှုန်းရှိပါသည်။
- အမျိုးသမီး လုပ်သားအင်အားပါဝင်နှုန်းသည် (၄၆.၈) ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သားအင်အားပါဝင်နှုန်း (၈၆.၁) ရာခိုင်နှုန်းထက် သိသာစွာလျော့နည်းသည်ကို တွေ့ရှိရပါသည်။
- ရေတာရှည်မြို့နယ်၏ အသက် (၁၀-၁၄) နှစ်အုပ်စုတွင် အလုပ်လုပ်သောကလေး (၁၁.၁) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။
- အသက် (၁၅-၆၄) နှစ်အုပ်စု၏ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ (၃.၂) ဖြစ်ပါသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ကျား (၃.၀) ရာခိုင်နှုန်းနှင့် မ (၃.၇) ရာခိုင်နှုန်းအသီးသီးရှိကြပါသည်။
- အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း အမျိုးသမီးငယ်များ၏ အလုပ်လက်မဲ့နှုန်းမှာ (၈.၇) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇) - အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သောလူဦးရေကို အမျိုးအစားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**


| ကျား/မ | လုပ်သားအင်အားစုတွင် မပါဝင်သူ | | | | | | |
|---|---|---|---|---|---|---|---|
| | စုစုပေါင်း | အလုပ်မရှာခဲ့ပါ | အချိန်ပြည့် ကျောင်းတက်သော ကျောင်းသား | အိမ်မှုကိစ္စလုပ် | အငြိမ်းစား၊ သက်ကြီးရွယ်အို | မျှားနာသူ၊ မသန်စွမ်းသူ | အခြား |
| စုစုပေါင်း | ၇၅,၆၁၇ | ၀.၇ | ၂၉.၁ | ၄၅.၃ | ၁၁.၂ | ၁.၉ | ၁၁.၈ |
| ကျား | ၂၁,၇၇၁ | ၁.၃ | ၄၉.၆ | ၃.၈ | ၁၅.၆ | ၃.၃ | ၂၆.၃ |
| မ | ၅၃,၈၄၆ | ၀.၄ | ၂၀.၈ | ၆၂.၁ | ၉.၄ | ၁.၃ | ၅.၉ |

- အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သူများ၌ အမျိုးသားများ၏ (၄၉.၆) ရာခိုင်နှုန်းသည် အချိန်ပြည့်ကျောင်းတက်နေသူများဖြစ်ကြပြီး အမျိုးသမီးများ၏ (၆၂.၁) ရာခိုင်နှုန်းသည် အိမ်မှုကိစ္စလုပ်ကိုင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ဇယား (၈) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို အလုပ်အကိုင်အမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| အလုပ်အကိုင်အမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၈၃,၆၅၇** | **၅၂,၃၀၅** | **၃၀,၃၅၂** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| မန်နေဂျာများ | ၆၅၆ | ၄၆၅ | ၁၉၁ | ၀.၈ | ၀.၉ | ၀.၆ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၁,၅၆၂ | ၂၈၄ | ၁,၂၇၈ | ၁.၉ | ၀.၅ | ၄.၁ |
| နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်များ | ၁,၇၅၃ | ၁,၂၆၈ | ၄၈၅ | ၂.၁ | ၂.၄ | ၁.၅ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၁,၇၈၁ | ၉၆၄ | ၈၁၇ | ၂.၁ | ၁.၈ | ၂.၆ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၉,၁၃၁ | ၃,၃၃၁ | ၅,၈၀၀ | ၁၀.၉ | ၆.၄ | ၁၈.၅ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၃၂,၇၆၂ | ၂၃,၀၄၈ | ၉,၇၁၄ | ၃၉.၂ | ၄၄.၁ | ၃၁.၀ |
| လက်မှုပညာနှင့်ဆက်စပ်လုပ်ငန်း အလုပ်သမားများ | ၅,၅၁၁ | ၃,၇၀၅ | ၁,၈၀၆ | ၆.၆ | ၇.၁ | ၅.၈ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများနှင့် စုစည်းတပ်ဆင်သူများ | ၃,၄၄၅ | ၂,၈၅၃ | ၅၉၂ | ၄.၁ | ၅.၅ | ၁.၉ |
| အခြေခံအလုပ်သမားများ | ၂၃,၇၆၆ | ၁၄,၉၅၆ | ၈,၈၁၀ | ၂၈.၄ | ၂၈.၆ | ၂၈.၁ |
| အခြား | - | - | - | - | - | - |
| မသိ/မဖြေ | ၃,၂၉၀ | ၁,၄၃၁ | ၁,၈၅၉ | ၃.၉ | ၂.၇ | ၅.၉ |

**ပုံ (၁၀) - ပြည်ထောင်စု၊ ပဲခူးတိုင်းဒေသကြီးနှင့် ရေတာရှည်မြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် အလုပ်အကိုင်အမျိုးအစား**





- ရေတာရှည်မြို့နယ်တွင် အသက် (၁၅-၆၄) အုပ်စုရှိ အလုပ်ရှိသူ (၃၉.၂) ရာခိုင်နှုန်းမှာ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများဖြစ်ကြပြီး ဒုတိယအများဆုံးမှာ အခြေခံအလုပ်သမားများ (၂၈.၄) ရာခိုင်နှုန်းဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဥ်ရာတွင် ကျား ဦးရေ (၄၄.၁) ရာခိုင်နှုန်းနှင့် မ ဦးရေ (၃၁.၀) ရာခိုင်နှုန်း တို့သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများမှာ (၃၉.၉) ရာခိုင်နှုန်းဖြစ်ပြီး အခြေခံအလုပ်သမားများမှာ (၂၄.၃) ရာခိုင်နှုန်းဖြစ်ပါသည်။

# ဇယား (၉) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို လုပ်ကိုင်သောလုပ်ငန်းအမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| လုပ်ငန်းအမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၈၃,၆၅၇** | **၅၂,၃၀၅** | **၃၀,၃၅၂** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၄၈,၆၃၉ | ၃၂,၇၃၁ | ၁၅,၉၀၈ | ၅၈.၁ | ၆၂.၆ | ၅၀.၇ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၅၀ | ၄၄ | ၆ | ၀.၁ | ၀.၁ | * |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၃,၉၅၃ | ၁,၉၃၇ | ၂,၀၁၆ | ၄.၇ | ၃.၇ | ၆.၄ |
| လျှပ်စစ်၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၄၇ | ၄၅ | ၂ | ၀.၁ | ၀.၁ | * |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး စီမံခန့်ခွဲမှုလုပ်ငန်း | ၅၅ | ၄၉ | ၆ | ၀.၁ | ၀.၁ | * |
| ဆောက်လုပ်ရေးလုပ်ငန်း | ၂,၅၄၅ | ၂,၂၇၆ | ၂၆၉ | ၃.၀ | ၄.၄ | ၀.၉ |
| လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) | ၆,၇၃၂ | ၂,၅၆၀ | ၄,၁၇၂ | ၈.၀ | ၄.၉ | ၁၃.၃ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများ | ၂,၇၇၅ | ၂,၇၁၀ | ၆၅ | ၃.၃ | ၅.၂ | ၀.၂ |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ | ၂,၈၉၀ | ၁,၀၁၂ | ၁,၈၇၈ | ၃.၅ | ၁.၉ | ၆.၀ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ | ၇၂ | ၅၀ | ၂၂ | ၀.၁ | ၀.၁ | ၀.၁ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | ၄၅ | ၁၅ | ၃၀ | ၀.၁ | * | ၀.၁ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၂ | ၁ | ၁ | * | * | * |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | ၇၂ | ၄၇ | ၂၅ | ၀.၁ | ၀.၁ | ၀.၁ |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာလုပ်ငန်းများ | ၄၅၀ | ၂၈၀ | ၁၇၀ | ၀.၅ | ၀.၅ | ၀.၅ |
| ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) | ၃,၃၅၁ | ၂,၃၆၈ | ၉၈၃ | ၄.၀ | ၄.၅ | ၃.၁ |
| ပညာရေးဆိုင်ရာလုပ်ငန်းများ | ၁,၅၃၄ | ၂၂၂ | ၁,၃၁၂ | ၁.၈ | ၀.၄ | ၄.၂ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၂၃၀ | ၈၂ | ၁၄၈ | ၀.၃ | ၀.၂ | ၀.၅ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလုပ်ငန်းများ | ၇၆ | ၅၇ | ၁၉ | ၀.၁ | ၀.၁ | ၀.၁ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၁,၆၃၈ | ၁,၀၄၄ | ၅၉၄ | ၂.၀ | ၂.၀ | ၁.၉ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၄,၄၆၁ | ၂,၈၄၀ | ၁,၆၂၁ | ၅.၃ | ၅.၄ | ၅.၂ |
| သံတမန်အခွင့်အရေးရအဖွဲ့အစည်းများ၏လုပ်ငန်းများ | ၁ | ၁ | - | * | * | - |
| အလုပ်အကိုင်အမျိုးအစားဖော်ပြထားခြင်းမရှိသောလုပ်ငန်းများ | ၄,၀၃၉ | ၁,၉၃၄ | ၂,၁၀၅ | ၄.၈ | ၃.၇ | ၆.၇ |

မှတ်ချက်။     * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

**ပုံ (၁၁) - ပြည်ထောင်စု၊ ပဲခူးတိုင်းဒေသကြီးနှင့် ရေတာရှည်မြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် လုပ်ကိုင်သော လုပ်ငန်းအမျိုးအစား**





- ရေတာရှည်မြို့နယ်၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် အများဆုံးလုပ်ကိုင်ကြပြီး (၅၈.၁) ရာခိုင်နှုန်းရှိပါသည်။
- လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) လုပ်ငန်းတွင် ဒုတိယအများဆုံးလုပ်ကိုင်ကြပြီး (၈.၀) ရာခိုင်နှုန်းရှိပါသည်။
- လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင်လုပ်ကိုင်နေသူ အမျိုးသား (၆၂.၆) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၅၀.၇) ရာခိုင်နှုန်းရှိပါသည်။
- ပဲခူးတိုင်းဒေသကြီး၌ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၅၇.၆) ရာခိုင်နှုန်းရှိပြီး လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) လုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၈.၅) ရာခိုင်နှုန်းရှိပါသည်။

## ( c) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ

**ဇယား (၁၀) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားအလိုက် မြို့ပြ/ ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| | နိုင်ငံသား စိစစ်ရေးကတ် | ဧည့်နိုင်ငံသား ကတ် | နိုင်ငံသား ပြုခွင့် ရသူကတ် | အမျိုးသား မှတ်ပုံတင် ကတ် | သာသနာ့ဝင် ကတ် | ယာယီ သက်သေခံ ကတ် | နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသား နိုင်ငံကူး လက်မှတ် | မည်သည့် ကတ်မှမကိုင် ဆောင်သူ |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၁၀၈,၇၅၈ | ၉၆ | ၄၂၇ | ၁,၇၅၈ | ၉၆၀ | ၈၂၉ | * | ၇၃ | ၅၇,၆၄၂ |
| မြို့ပြ | ၁၅,၇၉၀ | ၄၁ | ၆၄ | ၁၇၁ | ၁၄၇ | ၉၉ | * | ၁၅ | ၄,၂၁၂ |
| ကျေးလက် | ၉၂,၉၆၈ | ၅၅ | ၃၆၃ | ၁,၅၈၇ | ၈၁၃ | ၇၃၀ | * | ၅၈ | ၅၃,၄၃၀ |
| ကျား | ၅၄,၅၆၁ | ၄၆ | ၂၅၆ | ၆၇၂ | ၈၄၅ | ၂၉၆ | * | ၄၁ | ၂၄,၆၁၁ |
| မ | ၅၄,၁၉၇ | ၅၀ | ၁၇၁ | ၁,၀၈၆ | ၁၁၅ | ၅၃၃ | * | ၃၂ | ၃၃,၀၃၁ |

မှတ်ချက်။ * စုစုပေါင်းကတ်အရေအတွက် (၂၀) ထက်နည်းပါသည်။




- ရေတာရှည်မြို့နယ်တွင် အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ (၆၃.၈) ရာခိုင်နှုန်းသည် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူများဖြစ်ပြီး၊ (၃၃.၈) ရာခိုင်နှုန်းသည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများ ဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၃၀.၃) ရာခိုင်နှုန်းနှင့် မ ဦးရေ (၃၇.၀) ရာခိုင်နှုန်း တို့သည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## (စ) မသန်စွမ်းမှုအကြောင်းအရာ

### ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူဦးရေ | မသန်စွမ်းသူဦးရေ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | မသန်စွမ်းမှုရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း |
| စုစုပေါင်း | ၂၁၃,၅၉၃ | ၂၀၅,၇၂၉ | ၇,၈၆၄ | ၃.၇ | ၃,၇၃၆ | ၂,၃၄၀ | ၃,၀၆၈ | ၂,၆၁၃ |
| ၀ - ၄ | ၂၀,၈၂၃ | ၂၀,၅၇၁ | ၂၅၂ | ၁.၂ | ၂၄ | ၂၆ | ၂၁၂ | ၁၇၉ |
| ၅ - ၉ | ၂၂,၂၁၂ | ၂၁,၉၄၄ | ၂၆၈ | ၁.၂ | ၂၄ | ၇၄ | ၁၀၂ | ၁၇၁ |
| ၁၀ - ၁၄ | ၂၁,၉၇၈ | ၂၁,၇၀၂ | ၂၇၆ | ၁.၃ | ၄၃ | ၇၃ | ၇၃ | ၁၆၆ |
| ၁၅ - ၁၉ | ၁၈,၆၇၀ | ၁၈,၄၇၂ | ၁၉၈ | ၁.၁ | ၃၇ | ၅၈ | ၆၀ | ၁၀၀ |
| ၂၀ - ၂၄ | ၁၇,၉၈၂ | ၁၇,၇၅၁ | ၂၃၁ | ၁.၃ | ၄၁ | ၆၄ | ၈၅ | ၁၀၅ |
| ၂၅ - ၂၉ | ၁၇,၆၁၈ | ၁၇,၃၈၀ | ၂၃၈ | ၁.၄ | ၄၁ | ၆၇ | ၈၄ | ၈၀ |
| ၃၀ - ၃၄ | ၁၆,၇၆၆ | ၁၆,၄၈၇ | ၂၇၉ | ၁.၇ | ၅၆ | ၇၈ | ၁၁၃ | ၈၂ |
| ၃၅ - ၃၉ | ၁၅,၂၂၄ | ၁၄,၉၂၃ | ၃၀၁ | ၂.၀ | ၈၆ | ၈၄ | ၉၅ | ၈၅ |
| ၄၀ - ၄၄ | ၁၃,၅၇၃ | ၁၃,၁၇၁ | ၄၀၂ | ၃.၀ | ၁၉၀ | ၈၇ | ၁၁၀ | ၉၆ |
| ၄၅ - ၄၉ | ၁၂,၄၇၆ | ၁၁,၉၁၃ | ၅၆၃ | ၄.၅ | ၃၂၄ | ၈၆ | ၁၄၉ | ၁၁၂ |
| ၅၀ - ၅၄ | ၁၀,၁၇၉ | ၉,၅၄၀ | ၆၃၉ | ၆.၃ | ၃၄၈ | ၁၂၀ | ၂၀၀ | ၁၅၉ |
| ၅၅ - ၅၉ | ၈,၇၆၈ | ၈,၀၂၂ | ၇၄၆ | ၈.၅ | ၃၉၂ | ၁၇၂ | ၂၄၈ | ၁၅၈ |
| ၆၀ - ၆၄ | ၆,၀၈၁ | ၅,၃၈၃ | ၆၉၈ | ၁၁.၅ | ၄၀၄ | ၁၈၆ | ၂၃၅ | ၁၇၇ |
| ၆၅ - ၆၉ | ၄,၃၄၄ | ၃,၆၄၁ | ၇၀၃ | ၁၆.၂ | ၄၂၅ | ၂၁၉ | ၂၆၆ | ၁၉၃ |
| ၇၀ - ၇၄ | ၂,၆၆၀ | ၂,၀၇၅ | ၅၈၅ | ၂၂.၀ | ၃၆၇ | ၁၉၉ | ၂၃၇ | ၁၈၁ |
| ၇၅ - ၇၉ | ၂,၁၆၄ | ၁,၅၃၃ | ၆၃၁ | ၂၉.၂ | ၃၉၃ | ၂၉၀ | ၂၉၈ | ၂၁၅ |
| ၈၀ - ၈၄ | ၁,၂၃၉ | ၇၆၅ | ၄၇၄ | ၃၈.၃ | ၃၀၂ | ၂၄၁ | ၂၅၄ | ၁၇၉ |
| ၈၅ - ၈၉ | ၅၉၂ | ၃၃၃ | ၂၅၉ | ၄၃.၈ | ၁၅၇ | ၁၄၀ | ၁၅၃ | ၁၀၇ |
| ၉၀ + | ၂၄၄ | ၁၂၃ | ၁၂၁ | ၄၉.၆ | ၈၂ | ၇၆ | ၉၄ | ၆၈ |

## ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| **ကျား** | **၁၀၃,၂၉၈** | **၉၉,၅၈၆** | **၃,၇၁၂** | **၃.၆** | **၁,၆၀၆** | **၁,၀၂၇** | **၁,၄၆၅** | **၁,၂၂၃** |
| ၀ - ၄ | ၁၀,၆၂၂ | ၁၀,၄၇၇ | ၁၄၅ | ၁.၄ | ၁၇ | ၁၅ | ၁၂၃ | ၁၀၄ |
| ၅ - ၉ | ၁၁,၃၃၅ | ၁၁,၁၇၁ | ၁၆၄ | ၁.၄ | ၁၄ | ၃၉ | ၅၃ | ၁၀၈ |
| ၁၀ - ၁၄ | ၁၁,၁၁၉ | ၁၀,၉၅၄ | ၁၆၅ | ၁.၅ | ၂၈ | ၄၆ | ၄၂ | ၉၅ |
| ၁၅ - ၁၉ | ၉,၂၆၆ | ၉,၁၅၂ | ၁၁၄ | ၁.၂ | ၂၃ | ၂၉ | ၃၀ | ၅၆ |
| ၂၀ - ၂၄ | ၈,၇၄၇ | ၈,၆၂၈ | ၁၁၉ | ၁.၄ | ၂၂ | ၃၂ | ၄၅ | ၅၀ |
| ၂၅ - ၂၉ | ၈,၄၄၅ | ၈,၃၁၄ | ၁၃၁ | ၁.၆ | ၂၀ | ၃၀ | ၅၀ | ၄၄ |
| ၃၀ - ၃၄ | ၈,၀၈၄ | ၇,၉၃၅ | ၁၄၉ | ၁.၈ | ၂၃ | ၃၆ | ၆၂ | ၄၈ |
| ၃၅ - ၃၉ | ၇,၂၃၉ | ၇,၀၇၉ | ၁၆၀ | ၂.၂ | ၃၉ | ၃၆ | ၆၂ | ၅၂ |
| ၄၀ - ၄၄ | ၆,၄၄၈ | ၆,၂၄၆ | ၂၀၂ | ၃.၁ | ၉၃ | ၄၂ | ၆၀ | ၃၈ |
| ၄၅ - ၄၉ | ၅,၈၇၅ | ၅,၅၉၄ | ၂၈၁ | ၄.၈ | ၁၅၇ | ၃၄ | ၈၅ | ၆၀ |
| ၅၀ - ၅၄ | ၄,၇၆၈ | ၄,၄၄၃ | ၃၂၅ | ၆.၈ | ၁၆၈ | ၅၇ | ၁၁၆ | ၇၀ |
| ၅၅ - ၅၉ | ၄,၀၈၅ | ၃,၇၂၇ | ၃၅၈ | ၈.၈ | ၁၈၅ | ၈၀ | ၁၃၄ | ၆၀ |
| ၆၀ - ၆၄ | ၂,၇၀၉ | ၂,၄၃၇ | ၂၇၂ | ၁၀.၀ | ၁၄၈ | ၇၈ | ၉၃ | ၇၀ |
| ၆၅ - ၆၉ | ၁,၈၇၇ | ၁,၅၅၃ | ၃၂၄ | ၁၇.၃ | ၁၈၆ | ၉၆ | ၁၁၈ | ၉၂ |
| ၇၀ - ၇၄ | ၁,၁၂၀ | ၈၅၉ | ၂၆၂ | ၂၃.၄ | ၁၆၄ | ၉၈ | ၁၀၄ | ၈၀ |
| ၇၅ - ၇၉ | ၈၇၃ | ၆၁၅ | ၂၅၈ | ၂၉.၆ | ၁၄၅ | ၁၁၄ | ၁၂၂ | ၈၆ |
| ၈၀ - ၈၄ | ၄၁၈ | ၂၅၁ | ၁၆၇ | ၄၀.၀ | ၉၈ | ၉၃ | ၉၄ | ၅၂ |
| ၈၅ - ၈၉ | ၂၀၃ | ၁၁၈ | ၈၅ | ၄၁.၉ | ၅၃ | ၅၁ | ၄၂ | ၂၈ |
| ၉၀ + | ၆၄ | ၃၃ | ၃၁ | ၄၈.၄ | ၂၃ | ၂၀ | ၂၇ | ၂၄ |

## ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူဦးရေ | မသန်စွမ်းသူဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| **မ** | **၁၁၀,၂၉၅** | **၁၀၆,၁၄၃** | **၄,၁၅၂** | **၃.၈** | **၂,၁၃၀** | **၁,၃၁၃** | **၁,၆၀၃** | **၁,၃၉၀** |
| ၀ - ၄ | ၁၀,၂၀၁ | ၁၀,၀၉၄ | ၁၀၇ | ၁.၀ | ၇ | ၁၁ | ၈၉ | ၇၅ |
| ၅ - ၉ | ၁၀,၈၇၇ | ၁၀,၇၇၃ | ၁၀၄ | ၁.၀ | ၁၀ | ၃၅ | ၄၉ | ၆၃ |
| ၁၀ - ၁၄ | ၁၀,၈၅၉ | ၁၀,၇၄၈ | ၁၁၁ | ၁.၀ | ၁၅ | ၂၇ | ၃၁ | ၇၁ |
| ၁၅ - ၁၉ | ၉,၄၀၄ | ၉,၃၂၀ | ၈၄ | ၀.၉ | ၁၄ | ၂၉ | ၂၉ | ၄၄ |
| ၂၀ - ၂၄ | ၉,၂၃၅ | ၉,၁၂၃ | ၁၁၂ | ၁.၂ | ၁၉ | ၃၂ | ၄၀ | ၅၄ |
| ၂၅ - ၂၉ | ၉,၁၇၃ | ၉,၀၆၆ | ၁၀၇ | ၁.၂ | ၂၁ | ၃၆ | ၃၃ | ၃၆ |
| ၃၀ - ၃၄ | ၈,၆၈၂ | ၈,၅၅၂ | ၁၃၀ | ၁.၅ | ၃၃ | ၄၂ | ၅၁ | ၃၄ |
| ၃၅ - ၃၉ | ၇,၉၈၅ | ၇,၈၄၄ | ၁၄၁ | ၁.၈ | ၄၇ | ၄၈ | ၃၃ | ၃၃ |
| ၄၀ - ၄၄ | ၇,၁၂၅ | ၆,၉၂၅ | ၂၀၀ | ၂.၈ | ၉၇ | ၄၅ | ၄၉ | ၅၈ |
| ၄၅ - ၄၉ | ၆,၆၀၁ | ၆,၃၁၉ | ၂၈၂ | ၄.၃ | ၁၆၇ | ၅၂ | ၆၄ | ၅၁ |
| ၅၀ - ၅၄ | ၅,၄၁၁ | ၅,၀၉၇ | ၃၁၄ | ၅.၈ | ၁၈၀ | ၆၃ | ၈၄ | ၈၈ |
| ၅၅ - ၅၉ | ၄,၆၈၃ | ၄,၂၉၅ | ၃၈၈ | ၈.၃ | ၂၀၇ | ၉၂ | ၁၁၄ | ၉၇ |
| ၆၀ - ၆၄ | ၃,၃၇၂ | ၂,၉၄၆ | ၄၂၆ | ၁၂.၆ | ၂၅၆ | ၁၀၈ | ၁၄၂ | ၁၀၆ |
| ၆၅ - ၆၉ | ၂,၄၆၇ | ၂,၀၈၈ | ၃၇၉ | ၁၅.၄ | ၂၃၉ | ၁၂၃ | ၁၄၈ | ၁၀၁ |
| ၇၀ - ၇၄ | ၁,၅၃၉ | ၁,၂၁၆ | ၃၂၃ | ၂၁.၀ | ၂၀၃ | ၁၀၁ | ၁၃၃ | ၁၀၀ |
| ၇၅ - ၇၉ | ၁,၂၉၁ | ၉၁၈ | ၃၇၃ | ၂၈.၉ | ၂၄၈ | ၁၇၆ | ၁၇၆ | ၁၂၉ |
| ၈၀ - ၈၄ | ၈၂၁ | ၅၁၄ | ၃၀၇ | ၃၇.၄ | ၂၀၄ | ၁၄၈ | ၁၆၀ | ၁၂၇ |
| ၈၅ - ၈၉ | ၃၈၉ | ၂၁၅ | ၁၇၄ | ၄၄.၇ | ၁၀၄ | ၈၉ | ၁၁၁ | ၇၉ |
| ၉၀ + | ၁၈၀ | ၉၀ | ၉၀ | ၅၀.၀ | ၅၉ | ၅၆ | ၆၇ | ၄၄ |


- ရေတာရှည်မြို့နယ်တွင် လူဦးရေ (၁၀၀) လျှင် (၄) ဦးသည် အနည်းဆုံး မသန်စွမ်းမှုတစ်မျိုးမျိုးရှိကြောင်းတွေ့ရှိရပါသည်။
- အမျိုးသမီးများ၏ မသန်စွမ်းမှုရာခိုင်နှုန်းသည် အမျိုးသားများထက် အနည်းငယ်ပိုမြင့်ပါသည်။
- မသန်စွမ်းမှုရာခိုင်နှုန်းသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မြင့်တက်လာပြီး အသက် (၆၅) နှစ်ကျော်တွင် ပိုမိုသိသာစွာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။
- မသန်စွမ်းမှုအမျိုးအစားများတွင် အမြင်အများဆုံးနှင့် လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ခြင်းသည် ဒုတိယအများဆုံးဖြစ်ပါသည်။

## (ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ

### နေအိမ်အမျိုးအစားများ

**ဇယား (၁၂) - နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသော ဇယား**


| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ကွန်ဒို/တိုက်ခန်း/ တိုက်ခန်းတွဲ | ဘန်ဂလို/ တိုက်အိမ် | တိုက်ခံအိမ် | ပျဉ်ထောင်အိမ်/ သစ်သားအိမ် | ဝါးအိမ် | ၂-၃ နှစ်ခံ တဲအိမ် | ၁ နှစ်ခံ တဲအိမ် | အခြား |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၅၀,၅၂၇ | ၃.၃ | ၄.၄ | ၅.၃ | ၄၃.၆ | ၃၇.၉ | ၃.၄ | ၁.၆ | ၀.၆ |
| မြို့ပြ | ၅,၉၅၅ | ၃.၁ | ၁၃.၃ | ၁၁.၇ | ၄၁.၄ | ၂၉.၃ | ၀.၆ | ၀.၂ | ၀.၃ |
| ကျေးလက် | ၄၄,၅၇၂ | ၃.၃ | ၃.၂ | ၄.၅ | ၄၃.၉ | ၃၉.၀ | ၃.၈ | ၁.၇ | ၀.၆ |




- ရေတာရှည်မြို့နယ်တွင် နေအိမ်အများစုမှာ ပျဉ်ထောင်အိမ်/သစ်သားအိမ် အမျိုးအစားများဖြစ်ကြပြီး (၄၃.၆) ရာခိုင်နှုန်းရှိပါသည်။ ဒုတိယအများဆုံး နေအိမ်အမျိုးအစားမှာ ဝါးဖြင့်ဆောက်လုပ်ထားသောအိမ်များဖြစ်ပြီး (၃၇.၉) ရာခိုင်နှုန်းရှိပါသည်။
- မြို့ပြအိမ်ထောင်စုများ၏ (၄၁.၄) ရာခိုင်နှုန်းနှင့် ကျေးလက်အိမ်ထောင်စုများ၏ (၄၃.၉) ရာခိုင်နှုန်းတို့သည် ပျဉ်ထောင်အိမ်/သစ်သားအိမ်များဖြင့် နေထိုင်ကြပါသည်။

## အိမ်သာအမျိုးအစားများ

**ပုံ (၁၄) - သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုး**




ညွှန်ပြချက်
သန့်ရှင်းသောယင်လုံအိမ်သာ
ဆောက်လုပ်သုံးစွဲမှု (%)
၃၀ – ၄၉
၅၀ – ၆၈
၆၉ – ၈၈
မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၇၄.၃% |
| ပဲခူးတိုင်းဒေသကြီး | - ၇၄.၆% |
| တောင်ငူခရိုင် | - ၇၇.၁% |
| ရေတာရှည်မြို့နယ် | - ၆၆.၁% |


**ဇယား (၁၃) - အသုံးပြုသည့်အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| **အိမ်သာအမျိုးအစား** | | **စုစုပေါင်း** | **မြို့ပြ** | **ကျေးလက်** |
|---|---|---|---|---|
| ရေဆွဲအိမ်သာ | | ၁.၂ | ၂.၀ | ၁.၁ |
| ရေလောင်း/ယင်လုံအိမ်သာ | | ၆၄.၉ | ၈၁.၄ | ၆၂.၆ |
| *သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုရာခိုင်နှုန်း* | | *၆၆.၁* | *၈၃.၄* | *၆၃.၇* |
| တွင်း/ဇလား အိမ်သာ | | ၅.၀ | ၁၁.၄ | ၄.၁ |
| တွင်းမရှိ အိမ်သာ | | ၃.၄ | ၀.၃ | ၃.၈ |
| အခြား | | ၁.၈ | ၀.၈ | ၁.၉ |
| အိမ်သာမရှိ | | ၂၃.၇ | ၄.၀ | ၂၆.၃ |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၅၀,၅၂၇** | **၅,၉၅၅** | **၄၄,၅၇၂** |

- ရေတာရှည်မြို့နယ်တွင် အိမ်ထောင်စုများ၏ (၆၆.၁) ရာခိုင်နှုန်းသည် သန့်ရှင်းသော ယင်လုံ အိမ်သာဆောက်လုပ်သုံးစွဲကြပါသည်။ (ရေဆွဲအိမ်သာ (၁.၂) ရာခိုင်နှုန်းနှင့် ရေလောင်း/ယင်လုံ အိမ်သာ (၆၄.၉) ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။)
- ပဲခူးတိုင်းဒေသကြီးတွင် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုးမှာ (၇၄.၆) ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် (၇၄.၃) ရာခိုင်နှုန်းရှိပါသည်။
- ရေတာရှည်မြို့နယ်တွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၂၃.၇) ရာခိုင်နှုန်းရှိပြီး ပဲခူးတိုင်းဒေသကြီးတွင် (၁၀.၇) ရာခိုင်နှုန်းရှိပါသည်။
- ရေတာရှည်မြို့နယ်၏ ကျေးလက်ဒေသများတွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၂၆.၃) ရာခိုင်နှုန်း ရှိပါသည်။

## သောက်ရေအမျိုးအစားများ

ပုံ (၁၅) - သန့်ရှင်းသော သောက်ရေရရှိသည့် အိမ်ထောင်စုအချိုး




ညွှန်ပြချက်

သန့်ရှင်းသောသောက်သုံးရေရရှိသော အိမ်ထောင်စုအချိုး (%)

- ၄ - ၃၅
- ၃၆ – ၆၆
- ၆၇ – ၉၇
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၆၉.၅% |
| ပဲခူးတိုင်းဒေသကြီး | - ၇၃.၆% |
| တောင်ငူခရိုင် | - ၈၃.၃% |
| ရေတာရှည်မြို့နယ် | - ၇၃.၅% |


**ဇယား (၁၄) - သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| သောက်ရေအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေပိုက်လိုင်း | | ၁.၁ | ၁.၈ | ၁.၀ |
| အဝီစိတွင်း | | ၄၄.၀ | ၅၅.၉ | ၄၃.၇ |
| ရေတွင်း (အုတ်စီ) | | ၂၆.၆ | ၂၇.၇ | ၂၆.၄ |
| ရေသန့်စက်/ရေသန့်ဘူး | | ၁.၈ | ၂.၈ | ၁.၇ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှုရာခိုင်နှုန်း* | | *၇၃.၅* | *၇၈.၂* | *၇၂.၈* |
| ရေတွင်း (အကာရံမဲ့) | | ၁၁.၇ | ၉.၂ | ၁၂.၁ |
| ရေကန် | | ၀.၄ | ၀.၂ | ၀.၄ |
| မြစ်/ချောင်း/တူးမြောင်း | | ၇.၉ | - | ၉.၀ |
| တောင်ကျရေ/မိုးရေ | | ၀.၃ | - | ၀.၃ |
| အခြား | | ၆.၂ | ၁၂.၄ | ၅.၄ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှုရာခိုင်နှုန်း* | | *၂၆.၅* | *၂၁.၈* | *၂၇.၂* |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၅၀,၅၂၇** | **၅,၉၅၅** | **၄၄,၅၇၂** |

- ရေတာရှည်မြို့နယ်တွင် အိမ်ထောင်စုများ၏ (၇၃.၅) ရာခိုင်နှုန်းသည် သောက်ရေအတွက် ရေကောင်းရေသန့် (ရေပိုက်လိုင်း၊ အဝီစိတွင်း၊ ရေတွင်း (အုတ်စီ) ၊ ရေသန့်စက်/ရေသန့်ဘူး) ကိုအသုံးပြုကြပါသည်။
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာတွင် ရေတာရှည်မြို့နယ်၏ ရေကောင်းရေသန့်အသုံးပြုသည့် အိမ်ထောင်စုအချိုးသည် မြင့်ပါသည်။ မြန်မာနိုင်ငံ၏ ရေကောင်းရေသန့်ရရှိမှု (၆၉.၅) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်လည်း မြင့်သည်ကို တွေ့ရပါသည်။
- ရေတာရှည်မြို့နယ်တွင် အိမ်ထောင်စု (၄၄.၀) ရာခိုင်နှုန်းသည် အဝီစိတွင်းမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲကြပါသည်။ အိမ်ထောင်စု (၂၆.၆) ရာခိုင်နှုန်းသည် ရေတွင်း (အုတ်စီ) မှ ရေကိုသုံးစွဲနေကြပါသည်။
- အိမ်ထောင်စု (၂၆.၅) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စု (၂၇.၂) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။

## အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု

### ပုံ (၁၆) - အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုမှု




ညွှန်ပြချက်

အလင်းရောင်အတွက်လျှပ်စစ်မီးအသုံးပြုမှု (%)

- ၆ - ၂၄
- ၂၅ - ၅၂
- ၅၃ - ၆၀
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၄% |
| ပဲခူးတိုင်းဒေသကြီး | - ၂၇.၇% |
| တောင်ငူခရိုင် | - ၃၀.၆% |
| ရေတာရှည်မြို့နယ် | - ၃၀.၇% |

## ဇယား (၁၅) - အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား


| မီးအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၃၀.၇ | ၈၀.၅ | ၂၄.၁ |
| ရေနံဆီမီး | | ၈.၂ | ၀.၆ | ၉.၂ |
| ဖယောင်းတိုင်မီး | | ၃၄.၇ | ၁၃.၇ | ၃၇.၆ |
| ဘက်ထရီမီး | | ၉.၆ | ၁.၆ | ၁၀.၇ |
| မီးစက် (ပုဂ္ဂလိက) | | ၆.၅ | ၀.၆ | ၇.၃ |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | | ၀.၂ | * | ၀.၂ |
| နေရောင်ခြည် စွမ်းအင်သုံး (ဆိုလာပြား) | | ၈.၂ | ၁.၀ | ၉.၁ |
| အခြား | | ၁.၉ | ၂.၁ | ၁.၉ |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၅၀,၅၂၇** | **၅,၉၅၅** | **၄၄,၅၇၂** |

- ရေတာရှည်မြို့နယ်တွင် အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ (၃၀.၇) ရာခိုင်နှုန်းဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၏ လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စု အချိုးမှာ (၂၇.၇) ရာခိုင်နှုန်းဖြစ်ပါသည်။
- ရေတာရှည်မြို့နယ်တွင် အလင်းရောင်အတွက် ဖယောင်းတိုင်မီး အသုံးပြုမှုသည် (၃၄.၇) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါသည်။
- ကျေးလက်ဒေသတွင် အိမ်ထောင်စုများ၏ (၃၇.၆) ရာခိုင်နှုန်းသည် အလင်းရောင်အတွက် ဖယောင်းတိုင်မီးကို အသုံးပြုကြပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု

### ပုံ (၁၇) - သစ်သားကို အခြေခံသော လောင်စာအသုံးပြုမှု




| | |
|---|---|
| ပြည်ထောင်စု | - ၈၁.၀% |
| ပဲခူးတိုင်းဒေသကြီး | - ၈၆.၉% |
| တောင်ငူခရိုင် | - ၈၈.၀% |
| ရေတာရှည်မြို့နယ် | - ၈၈.၃% |

**ဇယား (၁၆) - ချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| **လောင်စာအမျိုးအစား** | | **စုစုပေါင်း** | **မြို့ပြ** | **ကျေးလက်** |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၁၀.၅ | ၃၀.၃ | ၇.၉ |
| ဓာတ်ငွေ့ | | * | ၀.၁ | * |
| ရေနံဆီမီး | | ၀.၂ | * | ၀.၂ |
| ဘိုင်အိုဂက်စ် | | ၀.၁ | ၀.၁ | ၀.၁ |
| သစ်သား/ထင်း | | ၇၉.၁ | ၄၅.၃ | ၈၃.၆ |
| မီးသွေး/လောင်စာတောင့် | | ၉.၂ | ၂၂.၄ | ၇.၅ |
| ကျောက်မီးသွေး | | ၀.၂ | ၀.၃ | ၀.၁ |
| အခြား | | ၀.၇ | ၁.၄ | ၀.၆ |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| | **အရေအတွက်** | **၅၀,၅၂၇** | **၅,၉၅၅** | **၄၄,၅၇၂** |

- ရေတာရှည်မြို့နယ်တွင် အစားအစာ ချက်ပြုတ်စားသောက်ရန်အတွက် သစ်သားကို အခြေခံသော လောင်စာအမျိုးအစားများဖြစ်သည့် သစ်သား/ထင်း (၇၉.၁) ရာခိုင်နှုန်းနှင့် မီးသွေး/ လောင်စာတောင့် (၉.၂) ရာခိုင်နှုန်းတို့ကို အဓိကအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။
- အိမ်ထောင်စု (၁၀.၅) ရာခိုင်နှုန်းသာလျှင် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လျှပ်စစ်မီးကို အသုံးပြုကြပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စုများတွင် သစ်သားကို အခြေခံသောလောင်စာများဖြစ်သည့် သစ်သား/ထင်း (၈၃.၆) ရာခိုင်နှုန်းနှင့် မီးသွေး/လောင်စာတောင့် (၇.၅) ရာခိုင်နှုန်းကို အဓိက အသုံးပြုကြပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။


## ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအသုံးပြုမှု

### ဇယား (၁၇) - ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ရေဒီယို | ရုပ်မြင်သံကြား | ကြိုးဖုန်း | လက်ကိုင်ဖုန်း | ကွန်ပျူတာ | အိမ်တွင် အင်တာနက် တပ်ဆင်ထားခြင်း | မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း | ပစ္စည်းအားလုံး ရှိသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၅၀,၅၂၇ | ၃၂.၄ | ၄၆.၈ | ၂.၈ | ၂၉.၀ | ၁.၁ | ၄.၅ | ၃၂.၂ | ၀.၁ |
| မြို့ပြ | ၅,၉၅၅ | ၂၂.၃ | ၇၃.၈ | ၈.၈ | ၅၀.၉ | ၃.၆ | ၁၁.၄ | ၁၇.၆ | ၀.၆ |
| ကျေးလက် | ၄၄,၅၇၂ | ၃၃.၇ | ၄၃.၂ | ၂.၀ | ၂၆.၁ | ၀.၈ | ၃.၆ | ၃၄.၁ | ၀.၁ |


- အိမ်ထောင်စုများ၏ ဆက်သွယ်ရေးနှင့်အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုတွင် ရုပ်မြင်သံကြား စက်သုံးစွဲမှုသည် (၄၆.၈) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ ရုပ်မြင်သံကြားစက်ရှိသည့် အိမ်ထောင်စုအချိုးသည် မြို့ပြတွင် (၇၃.၈) ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်တွင် (၄၃.၂) ရာခိုင်နှုန်း ဖြစ်ပါသည်။

**ပုံ (၁၈) - ရေဒီယိုနှင့် ရုပ်မြင်သံကြားသုံးစွဲနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်း**




- ရေတာရှည်မြို့နယ်တွင် ရုပ်မြင်သံကြားရှိသော အိမ်ထောင်စုမှာ (၄၆.၈) ရာခိုင်နှုန်းဖြစ်ပြီး၊ ရေဒီယို ရှိသော အိမ်ထောင်စုမှာ (၃၂.၄) ရာခိုင်နှုန်းဖြင့် အိမ်ထောင်စု (၃) စုတွင် (၁) စုနှုန်းရှိကြောင်း တွေ့ရှိရပါသည်။

# ပုံ (၁၉) - လက်ကိုင်ဖုန်းသုံးစွဲနိုင်မှု




**ညွှန်ပြချက်**

လက်ကိုင်ဖုန်းရရှိသုံးစွဲနိုင်မှု (%)

- ၁၂ - ၂၄
- ၂၅ - ၃၆
- ၃၇ - ၄၈
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၉% |
| ပဲခူးတိုင်းဒေသကြီး | - ၂၆.၂% |
| တောင်ငူခရိုင် | - ၂၈.၃% |
| ရေတာရှည်မြို့နယ် | - ၂၉.၀% |

- ရေတာရှည်မြို့နယ်တွင် အိမ်ထောင်စု (၂၉.၀) ရာခိုင်နှုန်းသာ လက်ကိုင်ဖုန်းရှိကြပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် အိမ်ထောင်စု (၂၆.၂) ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိပါသည်။

## ပို့ဆောင်ရေးယာဉ် အမျိုးအစားများ


### ဇယား (၁၈) - သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ်အမျိုးအစားအလိုက် အိမ်ထောင်စု အရေအတွက်ကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား

| တိုင်းဒေသကြီး/ခရိုင်/မြို့နယ် | အိမ်ထောင်စု | ကား/ ထရပ်ကား/ ဗင်န် | မော်တော် ဆိုင်ကယ်/ လျှပ်စစ်စက်ဘီး/ သုံးဘီးကား | စက်ဘီး | (၄) ဘီးပါ ထော်လာဂျီ | ကနူးလှေ၊ သမ္ဗာန် | စက်လှေ၊ မော်တော်ဘုတ် | လှည်း (ကျွဲ၊ နွား၊ မြင်း.. စသဖြင့်) |
|---|---|---|---|---|---|---|---|---|
| ပဲခူးတိုင်းဒေသကြီး | ၁,၁၄၂,၉၇၄ | ၁၃,၆၄၃ | ၃၉၂,၁၅၉ | ၅၇၀,၅၆၉ | ၂၀,၂၆၉ | ၄၃,၉၈၂ | ၁၄,၁၃၇ | ၃၁၅,၀၈၃ |
| မြို့ပြ | ၂၃၉,၀၁၄ | ၈,၄၇၀ | ၁၀၂,၆၉၇ | ၁၅၀,၅၅၆ | ၃,၅၄၉ | ၁,၈၁၇ | ၆၂၂ | ၉,၇၂၀ |
| ကျေးလက် | ၉၀၃,၉၆၀ | ၅,၁၇၂ | ၂၈၉,၄၆၂ | ၄၂၀,၀၁၃ | ၁၇,၇၂၀ | ၄၂,၁၆၅ | ၁၃,၅၁၅ | ၃၀၅,၃၆၂ |
| တောင်ငူခရိုင် | ၂၄၉,၄၅၂ | ၃,၃၁၁ | ၉၃,၀၂၈ | ၁၁၆,၃၁၇ | ၃,၉၂၅ | ၃,၀၃၁ | ၇၈၀ | ၇၃,၁၁၆ |
| မြို့ပြ | ၄၉,၅၂၅ | ၁,၉၃၀ | ၂၃,၇၁၆ | ၃၂,၂၁၆ | ၇၂၇ | ၁၃၅ | ၄၈ | ၃,၀၈၉ |
| ကျေးလက် | ၁၉၉,၉၂၇ | ၁,၃၈၁ | ၆၉,၃၁၂ | ၈၄,၁၀၁ | ၃,၁၉၈ | ၂,၈၉၆ | ၇၃၂ | ၇၀,၀၂၇ |
| ရေတာရှည်မြို့နယ် | ၅၀,၅၂၇ | ၆၉၀ | ၁၇,၆၂၉ | ၁၅,၉၅၇ | ၄၆၅ | ၃၂၀ | ၁၀၀ | ၁၃,၄၂၀ |
| မြို့ပြ | ၅,၉၅၅ | ၂၄၄ | ၂,၆၉၇ | ၃,၄၀၂ | ၉၂ | - | ၄ | ၄၆၈ |
| ကျေးလက် | ၄၄,၅၇၂ | ၄၄၆ | ၁၄,၉၃၂ | ၁၂,၅၅၅ | ၃၇၃ | ၃၂၀ | ၉၆ | ၁၂,၉၅၂ |

- ရေတာရှည်မြို့နယ်တွင် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ် အမျိုးအစားများတွင် မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကားအသုံးပြုမှုသည် (၃၄.၉) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး စက်ဘီးအသုံးပြုမှုသည် (၃၁.၆) ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံး ဖြစ်ပါသည်။
- မြို့ပြ/ကျေးလက် ခွဲခြားလေ့လာရာတွင် မြို့ပြအိမ်ထောင်စုအများစုသည် စက်ဘီးကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အဓိကအသုံးပြုပြီး ကျေးလက်အိမ်ထောင်စုအများစုသည် မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကားကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အဓိကအသုံးပြုကြပါသည်။


## (၉) မွေးဖွားခြင်းနှင့်သေဆုံးခြင်းအကြောင်းအရာ

### မွေးဖွားခြင်းအကြောင်းအရာ




- ရေတာရှည်မြို့နယ်တွင် အသက် (၂၅-၂၉) အုပ်စုတွင် မွေးဖွားနှုန်း အမြင့်ဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ အသက် (၄၉) နှစ်အတွင်းရှိ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးဖွားနှုန်းမှာ (၂.၇) ဦးဖြစ်ပြီး ပြည်ထောင်စုအဆင့် စုစုပေါင်းကလေးမွေးဖွားနှုန်း (၂.၅) ဦး ထက် အနည်းငယ် မြင့်သည်ကို တွေ့ရှိရပါသည်။

## ပုံ (၂၁) - စုစုပေါင်းကလေးမွေးဖွားနှုန်း





ညွှန်ပြချက်

စုစုပေါင်းကလေးမွေးနှုန်း

- ၁.၅ – ၂.၂
- ၂.၃ – ၂.၈
- ၂.၉ – ၃.၅
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၂.၅ ဦး |
| ပဲခူးတိုင်းဒေသကြီး | - ၂.၄ ဦး |
| တောင်ငူခရိုင် | - ၂.၆ ဦး |
| ရေတာရှည်မြို့နယ် | - ၂.၇ ဦး |


ပုံ (၂၂) - မျှော်မှန်းသက်တမ်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ပဲခူးတိုင်းဒေသကြီးတွင် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းသည် (၆၅.၂) နှစ်ဖြစ်ပြီး ပြည်ထောင်စုအဆင့်မျှော်မှန်းသက်တမ်း (၆၄.၇) နှစ်ထက် ပိုမြင့်ပါသည်။
- မ မျှော်မှန်းသက်တမ်း (၆၉.၈ နှစ်) သည် ကျား မျှော်မှန်းသက်တမ်း (၆၀.၇ နှစ်) ထက်ပိုမြင့်ပါသည်။


## ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ

ပုံ (၂၃) - တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်း




- တောင်ငူခရိုင်တွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေနှုန်းများသည် ပြည်ထောင်စုအဆင့်သေနှုန်းများထက် မြင့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက်ကလေး (၆၉) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၈၀) ဦး သေဆုံးလျက်ရှိပါသည်။
- ရေတာရှည်မြို့နယ်တွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းများသည် ပဲခူးတိုင်းဒေသကြီးနှင့် တောင်ငူခရိုင်တို့၏ သေနှုန်းများထက် မြင့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက်ကလေး (၈၄) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၉၈) ဦး သေဆုံးလျက်ရှိပါသည်။

**ပုံ (၂၄) - ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)**




- ပဲခူးတိုင်းဒေသကြီးတွင် အရှင်မွေးကလေး (၁၀၀,၀၀၀) ၌ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး (၆) ပတ်အကြာတွင် မိခင် (၃၁၆) ဦး သေဆုံးလျက်ရှိပါသည်။
- ကိုယ်ဝန်ဆောင်မိခင်သေနှုန်းသည် ပြည်ထောင်စုအဆင့်ထက် မြင့်ပါသည်။
- အရှေ့တောင်အာရှနိုင်ငံများ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၁၄၀) နှင့် နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၂၈၂) သည် မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

**သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ**

**လူဦးရေ** - ဤအစီရင်ခံစာတွင်ပါဝင်သည့် လူဦးရေဆိုသည်မှာ သန်းခေါင်စာရင်းညတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသည့် လူဦးရေကို ဆိုလိုပါသည်။

**သန်းခေါင်စာရင်းည (သန်းခေါင်စာရင်းရည်ညွှန်းချိန်)** - ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ညကို ဆိုလိုပါသည်။ မတ်လ (၂၉) ရက်နေ့ည (၀၀း၀၀) အချိန်သည် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း သန်းခေါင်စာရင်းညတွင်ရှိသည့်လူအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။

**ကျေးလက်** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ကျေးရွာအုပ်စုများကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် ၎င်းဒေသများသည် လူဦးရေသိပ်သည်းဆ နည်းသည့်ဒေသများဖြစ်ပြီး ၎င်းမြေဧရိယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ပါသည်။

**မြို့ပြ** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ရပ်ကွက်များဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါဒေသများတွင် အဆောက်အအုံနှင့် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပါသည်။

**သိပ်သည်းဆ** - ဧရိယာ တစ်စတုရန်းကီလိုမီတာတွင် နေထိုင်သောလူဦးရေကို ဆိုလိုပါသည်။ နယ်နိမိတ်တစ်ခုအတွင်းနေထိုင်သော လူဦးရေစုစုပေါင်းကို ၎င်းဒေသ၏ ဧရိယာအကျယ်အဝန်းနှင့် စားခြင်းဖြင့် သိပ်သည်းဆကိုရရှိပြီး စတုရန်းကီလိုမီတာဖြင့်ဖော်ပြပါသည်။ ထိုသို့တွက်ချက်ရာတွင် ကုန်းမြေကိုသာ ထည့်သွင်းတွက်ချက်ထားပါသည်။

**ပျမ်းမျှအိမ်ထောင်စုအရွယ်အစား** - အိမ်ထောင်စုတစ်စုတွင်ရှိသော ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက်ကိုဆိုလိုပါသည်။ (အိမ်ထောင်စုလူဦးရေစုစုပေါင်းကို အိမ်ထောင်စုအရေအတွက်ဖြင့် စားခြင်းဖြင့်ရရှိပါသည်။)

**ကျား/မ အချိုး** - အမျိုးသမီးဦးရေ (၁၀၀) ၌ရှိသည့် အမျိုးသားဦးရေကိုဆိုလိုပါသည်။

**မှီခိုသူအချိုး** - အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ် အသက် (၁၅) နှစ်မှ အသက် (၆၄) နှစ်ဦးရေ (၁၀၀) ပေါ်တွင် မှီခိုနေသည့် ကလေးဦးရေ (အသက် ၁၅ နှစ်အောက်) နှင့် သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) တို့၏အချိုးဖြစ်ပါသည်။ စုစုပေါင်းမှီခိုသူအချိုး၊ ကလေးမှီခိုသူအချိုးနှင့် သက်ကြီးရွယ်အိုမှီခိုသူအချိုးတို့ကို တိုင်းတာတွက်ချက်နိုင်ပါသည်။

**ကလေးမှီခိုသူအချိုး** - အသက် (၁၅) နှစ်အောက် ကလေးဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုမှီခိုသူအချိုး** - အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုညွှန်ကိန်း** - အသက် (၁၅) နှစ်အောက် ကလေးဦးရေ (၁၀၀) တွင်ရှိသည့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေကို ဆိုလိုပါသည်။

**အသက်အလယ်ကိန်း** - စုစုပေါင်းလူဦးရေ၏အသက်များကို အုပ်စု (၂) စု အညီအမျှခွဲခြားရာတွင် ရရှိသည့် အလယ်ကိန်းဖြစ်ပါသည်။ လူဦးရေ၏တစ်ဝက်သည် အသက်အလယ်ကိန်းထက်ငယ်ပြီး ကျန်တစ်ဝက်သည် အသက်အလယ်ကိန်းထက် ကြီးပါသည်။

**ပညာရေး** - သင်ကြားခြင်းနှင့် သင်တန်းလမ်းညွှန်များမှတဆင့် သင်ကြားတတ်မြောက်ခြင်းကို ဆိုလိုပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် စာတတ်မြောက်မှု၊ ကျောင်းနေမှုအခြေအနေ၊ အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်း/အဆင့်တို့ကို မေးမြန်းခဲ့ပါသည်။ ပညာရေးနှင့်ပတ်သက်၍ အမျိုးအစားခွဲခြားမှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) **စာတတ်မြောက်မှု** - ဘာသာစကားတစ်ခုခုကို ကောင်းမွန်စွာ ရေးတတ်၊ ဖတ်တတ်ခြင်းကို ဆိုလိုပါသည်။

(ခ) **ကျောင်းတက်ရောက်မှုအခြေအနေ** - လွန်ခဲ့သည့်စာသင်နှစ်တွင် အတန်းပညာ အဆင့်ဆင့် သင်ကြားနိုင်ရန်ပုံမှန်ဖွင့်လှစ်ထားသော တရားဝင်အသိအမှတ်ပြု စာသင်ကျောင်းများ (သို့မဟုတ်) ပညာရေးအစီအစဥ်များတွင် ပညာသင်ကြားနေသူများကို ဆိုလိုပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်တက်နေသူများ အားလုံးပါဝင်ပါသည်။ အဆိုပါ ကျောင်းနေမှုအခြေအနေတွင် (၁) လက်ရှိတွင် ကျောင်းတက်နေသူ၊ (၂) ကျောင်းတက်ဖူးသူ၊ (၃) လုံးဝကျောင်းမတက်ဘူးသူ ဟူ၍ (၃) မျိုးပါဝင်ပါသည်။

(ဂ) **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း/အဆင့်** - အစိုးရကျောင်းများ၊ အစိုးရအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပြီးစီးခဲ့သည့် အမြင့်ဆုံးပညာရေးအဆင့်/ဘွဲ့/ဒီဂရီကို ဆိုလိုပါသည်။

**မသန်စွမ်းမှု** - နေ့စဥ်လုပ်ငန်းဆောင်ရွက်မှုများ၊ အလုပ်လုပ်ကိုင်ဆောင်ရွက်မှု/သင်ယူမှုများ၊ လှုပ်ရှားမှုများတွင် အထောက်အကူမရှိပါက သာမန်လူများထက်ပို၍ အခက်အခဲရှိသူများကို ဆိုလို ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့်ပတ်သက်၍ အောက်ပါတို့ကို မေးမြန်းထားပါသည်-

(က) လမ်းလျှောက်ခြင်း (ဗိုးချဲအသုံးပြုခြင်း၊ တောင်ဝှေး၊ ချိုင်းထောက်အသုံးပြုခြင်း၊ ခြေဆာခြင်း၊ အမြင့်တက်ရာတွင်ခက်ခဲခြင်း)


(ခ) အမြင် (အမြင်အာရုံအားနည်းခြင်း၊ မျက်စိမမြင်ခြင်း)

(ဂ) အကြား (အကြားအာရုံနည်းခြင်း၊ နားမကြားခြင်း)

(ဃ) မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း (ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ကျောင်းနေရန်ခက်ခဲခြင်း၊ အခြားစိတ်ပိုင်းဆိုင်ရာအခြေအနေများ)

**ကိုင်ဆောင်သည့်လက်မှတ် -** လူတစ်ဦးချင်းစီ၏ သက်သေခံအဖြစ် ကိုယ်ရေးအကြောင်းအရာ အချက်အလက်များပါဝင်သည့် ကတ်/လက်မှတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သက်သေခံကတ်/လက်မှတ် အမျိုးအစားပေါင်းများစွာ ထုတ်ပေးထားပြီး နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်ကိုဆိုလိုပါသည်။

**လုပ်သားအင်အားအခြေအနေ** - သန်းခေါင်စာရင်းရည်ညွှန်းရက်မတိုင်မီ (၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်) လွန်ခဲ့သည့် (၁၂) လအတွင်း လုပ်ကိုင်ခဲ့သော အဓိကလုပ်ဆောင်မှုများကို ဆိုလိုပါသည်။ အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပါသည် -




**လုပ်သားအင်အားစု** - "အလုပ်ရှိသူ (လုပ်ငန်းခွင်ရှိလူဦးရေ)" နှင့် "အလုပ်လက်မဲ့" တို့ပါဝင်သည့် ယေဘုယျစကားရပ်တစ်ခု ဖြစ်ပါသည်။

**အလုပ်ရှိသူ** - လူတစ်ယောက်သည် အမြတ်အစွန်းတစ်ခုခု (လစာ၊ လုပ်ခ၊ စီးပွားရေးအကျိုးအမြတ် စသည်) အတွက် သန်းခေါင်စာရင်းမကောက်မီ တစ်ပတ်အတွင်း (သို့မဟုတ်) တစ်နှစ်အတွင်း အချိန်ပြည့် (သို့မဟုတ်) (၆) လနှင့်အထက် အလုပ်လုပ်ခဲ့လျှင် ထိုသူကို အလုပ်ရှိသည်ဟု ဆိုလိုပါသည်။ ၎င်းတို့တွင် လစာမရသော်လည်း မိသားစုလုပ်ငန်းတွင်လုပ်ကိုင်သူ၊ စတိုးဆိုင်၊ ပုဂ္ဂလိကဆေးရုံ အစရှိသည်တို့တွင် လုပ်ကိုင်နေသူများပါဝင်ပါသည်။

**အလုပ်လက်မဲ့** - အလုပ်လုပ်ကိုင်နိုင်သူဖြစ်သော်လည်း သတ်မှတ်ထားသည့်ကာလအတွင်း အလုပ်မရှိသူ၊ အလုပ်ရှာဖွေနေသူကို ဆိုလိုပါသည်။

**လုပ်သားအင်အားစုတွင်မပါဝင်သူများ** - သန်းခေါင်စာရင်းကောက်ယူချိန်မတိုင်မီ ရက်သတ္တပတ်အတွင်း အလုပ်မရှိသူ၊ အလုပ်မရှာခဲ့သူ၊ အလုပ်မလုပ်နိုင်သူများကို ဆိုလိုပါသည်။ အဆိုပါအုပ်စုတွင် အချိန်ပြည့် ကျောင်းတက်နေသူ၊ အိမ်မှုကိစ္စလုပ်သူ၊ သက်ကြီးရွယ်အိုများ ပါဝင်ပါသည်။

**လုပ်သားအမျိုးအစား -** အလုပ်ရှိသူများကို လွန်ခဲ့သော (၁၂) လအတွင်း ၎င်းတို့ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုအလိုက် ခွဲခြားဖော်ပြခြင်းဖြစ်ပါသည်။ လုပ်သားအမျိုးအစားများကို အောက်ပါအတိုင်း အုပ်စု (၅) စုခွဲခြားထားပါသည်-

(က) **အစိုးရဝန်ထမ်း -** အစိုးရဌာန/အဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေသူများ

(ခ) **ပုဂ္ဂလိက/အဖွဲ့အစည်းဝန်ထမ်း -** ပုဂ္ဂလိကလုပ်ငန်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်နေသူများ

(ဂ) **အလုပ်ရှင်** - သတ်မှတ်ကာလအတွင်း ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို အလုပ်သမား (၁) ဦးဖြစ်စေ၊ (၁) ဦးထက်ပို၍ဖြစ်စေ ခန့်ထားပြီး လုပ်ငန်းလုပ်ကိုင်သူများ

(ဃ) **ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ** - ကိုယ်ပိုင်စီးပွားရေး (သို့မဟုတ်) မိသားစုစီးပွားရေးတွင် မည်သည့်အလုပ်သမားကိုမျှ ခန့်ထားခြင်းမရှိဘဲ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သူ

(င) **မိသားစုလုပ်ငန်းလုပ်ကိုင်သူ** - မိသားစုဝင်တစ်ဦးဦး၏ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ ခြံလုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခုတွင် လုပ်အားခမရရှိဘဲ ဝင်ရောက်လုပ်ကိုင်သူ

**လုပ်သားအင်အားပါဝင်နှုန်း** - အသက်အုပ်စုတစ်ခုတွင်ရှိသည့် လုပ်သားအင်အားနှင့် အဆိုပါအသက်အုပ်စုအတွင်းရှိ လူဦးရေတို့၏အချိုးကို ဆိုလိုပါသည်။ လုပ်သားအင်အားပါဝင်နှုန်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေပမာဏကို ဖော်ပြသည့် အရေးကြီးသော အညွှန်းကိန်းဂဏန်းတစ်ခုဖြစ်ပါသည်။

$$\text{လုပ်သားအင်အား ပါဝင်နှုန်း} = \frac{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်လက်မဲ့ရာခိုင်နှုန်း** - လုပ်သားအင်အားစုစုပေါင်းတွင် အလုပ်အကိုင်မရရှိသေးဘဲ အလုပ်ရှာနေသူနှင့် အလုပ်လုပ်ရန်ဆန္ဒရှိသူတို့၏ ရာခိုင်နှုန်းကို ဆိုလိုပါသည်။ အဆိုပါလူဦးရေသည် အလုပ်ရှာဖွေနေသူများဖြစ်ပြီး အလုပ်လုပ်ရန်အဆင်သင့်ရှိသူများ ဖြစ်ပါသည်။

$$\text{အလုပ်လက်မဲ့ရာခိုင်နှုန်း} = \frac{\text{အလုပ်လက်မဲ့ဦးရေ}}{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}} \times ၁၀၀$$

**အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး** - နိုင်ငံတစ်ခု၏အလုပ်ရှိသူဦးရေနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ (အသက် ၁၅ - ၆၄) ၏အချိုးအစားကိုပြသည့် စာရင်းအင်းဆိုင်ရာ အချိုးတစ်ခုဖြစ်ပါသည်။ လူတစ်ဦးသည် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီကြာ အလုပ်လုပ်ကိုင်ပါက ၎င်းကိုအလုပ်အကိုင်ရှိသူဟု နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီးမှ သတ်မှတ်ထားပါသည်။

$$\text{အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး} = \frac{\text{အလုပ်ရှိသူဦးရေ}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်အကိုင်** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် လူတစ်ယောက်၏ အလုပ်အကိုင်ကိုဆိုလိုပါသည်။ လုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိဘဲ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အလုပ်အကိုင်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စာရင်းကိုင်၊ အချက်အလက်သွင်းစာရေး၊ အတွင်းရေးမှူး၊ အိမ်မှုကိစ္စလုပ်သူ၊ တံငါသည်၊ လူ့အရင်းအမြစ်မန်နေဂျာစသည်ဖြင့် အသေးစိတ်ဖော်ပြရမည်ဟု သန်းခေါင်စာရင်းစာရင်းကောက်များကို ညွှန်ကြားထားပါသည်။ အကယ်၍ဖြေဆိုသူသည် အလုပ်အကိုင်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပို၍ လုပ်ကိုင်ခဲ့လျှင် အဓိကလုပ်ကိုင်သော အလုပ်အကိုင်တစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ အလုပ်အကိုင်အမျိုးအစားများ ခွဲခြားသတ်မှတ်ရာတွင် ISCO 2008 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**လုပ်ငန်း** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း အလုပ်လုပ်နေသူများ လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အလုပ်လုပ်နေသူများလုပ်ကိုင်နေသည့် လုပ်ငန်းခွင်နေရာကို ဖော်ပြရမည်ဖြစ်ပါသည်။ အလုပ်လုပ်နေသူတစ်ဦး၏ လုပ်ကိုင်နေရသည့် တာဝန်များ (သို့မဟုတ်) ဆောင်ရွက်ချက်များကို ဖော်ပြရန်မလိုဘဲ ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမျိုးအစားကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ - လူတစ်ယောက်သည် တီဗွီထုတ်လုပ်သောစက်ရုံ၏ သိုလှောင်ရုံတွင် အလုပ်လုပ်ကိုင်သူဖြစ်ပါက ထိုသူ၏လုပ်ငန်းသည် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းဖြစ်ပါသည်။ အကယ်၍ဖြေဆိုသူသည် လုပ်ငန်းနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ပါလျှင် အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ လုပ်ငန်းများ ခွဲခြားသတ်မှတ်ရာတွင် ISIC Revision 4 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**အရှင်မွေးကလေး** - ကလေးငယ်မိခင်ဝမ်းမှကျွတ်ချိန်တွင် ငိုခြင်း၊ အသံပြုခြင်း၊ ခြေလက်များလှုပ်ရှားခြင်းစသည့် အသက်ရှင်သန်မှု သင်္ကေတတစ်ခုခုကို ပြုလုပ်သူကို ဆိုလိုပါသည်။ သန်းခေါင်စာရင်းတွင် အရှင်မွေးကလေးများကို ထည့်သွင်းကောက်ယူခဲ့ပါသည်။ ထို့အပြင် အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများ၏ နောက်ဆုံးအရှင်မွေးကလေးအကြောင်းအရာများကိုလည်း ထည့်သွင်းကောက်ယူခဲ့ပါသည်။

**စုစုပေါင်းကလေးမွေးဖွားနှုန်း** - အမျိုးသမီးတစ်ယောက်မွေးဖွားနိုင်သည့် ပျမ်းမျှကလေးအရေအတွက် (အမျိုးသမီးအားလုံး ကလေးမွေးဖွားနိုင်သည့် အသက်အပိုင်းအခြား ပြီးဆုံးသည်အထိ အသက်ရှင်ပြီး လက်ရှိမွေးနှုန်းအတိုင်း မွေးမည်ဆိုပါက) ကို ဆိုလိုပါသည်။

$$\text{စုစုပေါင်းကလေးမွေးဖွားနှုန်း} = ၅ \times \sum \text{အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း}$$

**အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း** - အသက်အုပ်စုအလိုက် အမျိုးသမီး (၁,၀၀၀) တစ်နှစ်အတွင်း မွေးဖွားသည့် ကလေးဦးရေကို တိုင်းတာခြင်းဖြစ်ပါသည်။ အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်းကို တိုင်းတာရာတွင် သီးခြားဖော်ပြထားခြင်းမရှိပါက ပြက္ခဒိန်နှစ်ကို အခြေခံ၍ တွက်ချက်ပါသည်။

# ရေတာရှည်မြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

| အမည် | ရာထူးနှင့် ဌာန/အဖွဲ့အစည်း | တာဝန် |
|---|---|---|
| **အစီရင်ခံစာပြုစုသူ** | | |
| ဒေါ်လှိုင်ဖွေးသူ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| ဒေါ်မေနွယ်စိုး | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| | | |
| **စစ်ဆေးတည်းဖြတ်သူ** | | |
| ဦးအောင်သန်း | UNFPA အကြံပေး | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်မွေးကြည်ကြည်ခင် | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်အေးသီရိဇော် | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| | | |
| **စာရင်းဇယားပြုစုခြင်း၊ မြေပုံရေးဆွဲခြင်း** | | |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | ကွန်ပျူတာအစီအစဉ်ရေးဆွဲခြင်းနှင့် စာရင်းဇယားပြုစုသူ |
| ဒေါ်လင်းလင်းမာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဒေါ်တင်မိုးမာ | ရုံးအုပ်၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဒေါ်ချိုချိုသန်း | လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | မြေပုံရေးဆွဲပြုစုသူ |
| | | |
| **စာစီနှင့်ဒီဇိုင်းအဖွဲ့** | | |
| ဦးနိုင်ဖြိုးကျော် | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဦးဝင်းကို | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဒေါ်ချိုဇင်ဝင်း | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| | | |

အစီရင်ခံစာများကို အောက်ဖော်ပြပါ

ဝက်ဘ်ဆိုဒ်များတွင် ရယူနိုင်ပါသည်။

www.dop.gov.mm

(သို့မဟုတ်)

http://myanmar.unfpa.org/census